# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ ဗုဒ္ဓဟူးနေ့၊ (11-11-2015) (၈၃၈၁)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဂိုလာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုဆေး အက်ဒွာဒို ဒိုစ် ဆန်တိုစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်ရန် အဆင်သင့်ဖြစ်မှုကို ကမ္ဘာသို့ပြသနိုင်ခဲ့ကြောင်း ပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့ ANFREL က ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြည်သူများသည် မိမိတို့၏ ဒီမိုကရေစီ ရပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် ကိုယ်စားလှယ်များကို စိတ်ကြိုက်ရွေးချယ်ရန်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိုးမလင်းမီ စောစောစီးစီး တန်းစီပြီး စည်းကမ်းရှိစွာ စိတ်လှုပ်ရှားမှုနှင့် စိတ်ရှည်မှုများကို ပြသခဲ့ခြင်းသည် အလွန်ပင်ချီးကျူးစရာကောင်းကြောင်း၊ လုံ့လဝီရိယရှိခြင်းဖြင့် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်ရန် အဆင်သင့်ဖြစ်နေပြီး ပြောင်းလဲရန်လည်း လိုလားမှုရှိကြောင်းကို ကမ္ဘာသို့ပြသနိုင်ခဲ့ကြောင်း Asian Network for Free Election (ANFREL)၏ ဥက္ကဋ္ဌ Mr.Damaso G . Magbual က ပြောသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များကို စာမျက်နှာ ၅၊ ၆၊ ၇ တွင် ဖော်ပြထားပါသည်။**


ယနေ့ မာတိကာ

မေတ္တာသည်သာ အေးငြိမ်းရာ
စာမျက်နှာ » ၂

တရုတ်နိုင်ငံမြောက်ပိုင်း၌ မင်မင်းဆက်မှ တော်ဝင်အမိန့်ပြန်တမ်းများ ရှာဖွေတွေ့ရှိ
စာမျက်နှာ » ၄

မွန်ပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု များပြားလာ
စာမျက်နှာ » ၂၀


## ၂၀၁၅ ရွေးကောက်ပွဲ အောင်အောင်မြင်မြင်နှင့် တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့ ရွေးကောက်ပွဲအလွန်ကာလ အများပြည်သူများ အေးချမ်းစွာဖြင့် ပုံမှန်အတိုင်းသွားလာ

ကျင်းပပြီးစီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲကြီး မြန်မာတစ်နိုင်ငံလုံးတွင် အောင်အောင်မြင်မြင်နှင့် တည်ငြိမ်အေးချမ်းစွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာမှ ပူးပေါင်းဆောင်ရွက်မှုများ၊ အများပြည်သူများ၏ တက်ကြွပါဝင်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ရာ နိုင်ငံတကာမှလည်း အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



ရန်ကုန်မြို့ သိမ်ကြီးဈေးနှင့် အနီးတစ်ဝိုက်တွင် ရောင်းဝယ်ဖောက်ကားသူများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်ကို တွေ့ရစဉ်။ [ဓာတ်ပုံ- ခင်မောင်ဝင်း]




ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရလဒ်များကြေညာခြင်းနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးရှိ မီဒီယာစင်တာ၌ ယနေ့ညနေ ၄ နာရီ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ယမန်နေ့ကစတင်၍ ကြေညာခဲ့ကြောင်း၊ ယနေ့ညနေ ၄ နာရီအချိန်ထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၈၈ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၆၄ ဦး၏ အမည်စာရင်းနှင့် ရလဒ်များကို ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် ရလဒ်များကို ဆက်လက်ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက မေးမြန်းသည့် ရွေးကောက်ပွဲ တိုင်ကြားစာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆန္ဒပြုမဲလက်မှတ်များ ထိန်းသိမ်းထားရှိမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်တို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရလဒ်များဆက်လက်ထုတ်ပြန်ကြေညာ



**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှ ရလဒ်များ ထုတ်ပြန်ကြေညာခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက် ည ၁၁ နာရီတွင် လည်းကောင်း၊ ယနေ့နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ၊ ညနေ ၆ နာရီနှင့် ည ၉ နာရီတို့တွင် ဆက်လက်ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ထုတ်ပြန်ရာတွင် နိုဝင်ဘာ ၉ ရက် ည ၁၁ နာရီက အနိုင်ရရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးတို့၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်အရ ကယားပြည်နယ်ရှိ မယ်စဲ့၊ တနင်္သာရီတိုင်းဒေသကြီးရှိ လောင်းလုံး၊ သရက်ချောင်း၊ မကွေးတိုင်းဒေသကြီးရှိ ရေနံချောင်း၊ စလင်း၊ သရက်၊ မင်းတုန်း၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ တံတားဦး၊ ကျောက်ပန်းတောင်း၊ ဝမ်းတွင်း၊ မွန်ပြည်နယ်ရှိ သံဖြူဇရပ်၊ မုဒုံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ထန်းတပင်၊ မြောက်ဥက္ကလာပ၊ ဗိုလ်တထောင်၊ကွမ်းခြံကုန်း၊ စမ်းချောင်း၊ ဗဟန်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ဇလွန်၊ လေးမျက်နှာ၊ ကြံခင်း၊ အင်္ဂပူ မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး၊ ကချင်ပြည်နယ်မှ အင်ဂျန်းယန်မဲဆန္ဒနယ်တွင် ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ကယားပြည်နယ်မှ ဘောလခဲမဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးတို့ အနိုင်ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပဲခူးတိုင်းဒေသကြီးမှ ရွှေတောင်(၁/၂)၊ မန္တလေးတိုင်းဒေသကြီးမှ အမရပူရ(၁/၂)၊ မတ္တရာ (၁/၂)၊ စဉ့်ကူး(၁/၂)၊ ကျောက်ဆည်(၁/၂)၊ မလှိုင်(၁/၂)၊ ရန်ကုန်တိုင်းဒေသကြီးမှ မင်္ဂလာဒုံ (၁/၂)၊ သုံးခွ(၁/၂)၊ ဒလ(၁/၂)၊ ကျောက်တံတား(၁/၂)၊ ကြည့်မြင်တိုင်(၁/၂)၊ လှိုင်(၁/၂)မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၂၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ မိတ္ထီလာ(၁)/(၂)မဲဆန္ဒနယ်တို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဟိုပန်(၁/၂) မဲဆန္ဒနယ်တို့တွင် "ဝ"ဒီမိုကရက်တစ်ပါတီမှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့ အနိုင်ရရှိကြသည်။

ထို့အပြင် ယနေ့နံနက် ၉ နာရီ ထုတ်ပြန်ကြေညာချက်အရ အနိုင်ရရှိသည့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ၄၉ ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ နှစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ မွန်အမျိုးသားပါတီမှတစ်ဦးတို့ဖြစ်သည်။

အဆိုပါကြေညာချက်အရ တနင်္သာရီတိုင်းဒေသကြီးမှ လောင်းလုံး(၁/၂)၊ သရက်ချောင်း(၁/၂)၊ မကွေးတိုင်းဒေသကြီးမှ ရေနံချောင်း(၁/၂)၊ စလင်း(၁/၂)၊ သရက်(၁/၂)၊ မင်းတုန်း(၁/၂)၊ မန္တလေးတိုင်းဒေသကြီးမှ မဟာအောင်မြေ(၁/၂)၊ ပြည်ကြီးတံခွန်(၁/၂)၊ တံတားဦး(၁/၂)၊ ကျောက်ပန်းတောင်း(၁/၂)၊ ဝမ်းတွင်း(၁/၂)၊ မွန်ပြည်နယ်မှ မော်လမြိုင်(၁/၂)၊ သံဖြူဇရပ်(၁/၂)၊ မုဒုံ(၁)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထန်းတပင်(၁/၂)၊ မြောက်ဥက္ကလာပ(၁/၂)၊ ဗိုလ်တထောင်(၁/၂)၊ ကွမ်းခြံကုန်း(၁/၂)၊ စမ်းချောင်း(၁/၂)၊ ဗဟန်း(၁/၂)၊ ဧရာဝတီတိုင်းဒေသကြီးမှ ဇလွန်(၁/၂)၊ လေးမျက်နှာ(၁/၂)၊ ကြံခင်း(၁/၂)၊ အင်္ဂပူ(၁/၂)၊ ညောင်တုန်း(၁/၂)မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၄၉ ဦး၊ ကချင်ပြည်နယ်မှ အင်ဂျန်းယန်(၁/၂)မဲဆန္ဒနယ်တို့တွင် ကချင်ပြည်နယ် ဒီမိုကရေစီပါတီက နှစ်ဦး၊ ကယားပြည်နယ်မှ ဘောလခဲ(၁/၂) မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက နှစ်ဦးနှင့် မွန်ပြည်နယ်မှ မုဒုံ(၂) မဲဆန္ဒနယ်တွင် မွန်အမျိုးသားပါတီက တစ်ဦး အနိုင်ရရှိကြသည်။

အလားတူ ယနေ့မွန်းတည့် ၁၂ နာရီ ကြေညာချက်အရ အနိုင်ရရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၃၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦးတို့ဖြစ်သည်။

အဆိုပါကြေညာချက်အရ ကယားပြည်နယ်မှ ဒီးမော့ဆို၊ ရှားတော၊ ပဲခူးတိုင်းဒေသကြီးမှ သာယာဝတီ၊ မကွေးတိုင်းဒေသကြီးမှ မကွေး၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ မင်းဘူး၊ ပွင့်ဖြူ၊ ကံမ၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ ဆိပ်ဖြူ၊ ဆော၊ မန္တလေးတိုင်းဒေသကြီးမှ ပုသိမ်ကြီး၊ မွန်ပြည်နယ်မှ မော်လမြိုင်၊ ချောင်းဆုံ၊ ရန်ကုန်တိုင်းဒေသကြီးမှ မင်္ဂလာတောင်ညွန့်၊ ရှမ်းပြည်နယ်မှ ကလော၊ ရွာငံ၊ နောင်ချို၊ ဧရာဝတီတိုင်းဒေသကြီးမှ ကန်ကြီးထောင့်၊ သာပေါင်း၊ ကျုံပျော်၊ ရေကြည်၊ မြန်အောင်၊ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲမဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၃၉ ဦး၊ ချင်းပြည်နယ်မှ တီးတိန်မဲဆန္ဒနယ်တွင် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီကတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်း၊ ရှမ်းပြည်နယ်မှ လောက်ကိုင်မဲဆန္ဒနယ်တို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက နှစ်ဦး၊ ရှမ်းပြည်နယ်မှ လဲချားနှင့် လင်းခေးမဲဆန္ဒနယ်တို့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက နှစ်ဦး အနိုင်ရရှိကြသည်။

ထို့အပြင် ယနေ့ညနေ ၃ နာရီတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၆ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ခုနစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ လေးဦးတို့ အနိုင်ရရှိကြကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်အရ ကယားပြည်နယ်တွင် ဒီးမော့ဆို(၁/၂)၊ ရှားတော(၁/၂)၊ မကွေးတိုင်းဒေသကြီးမှ မကွေး(၁/၂)၊ တောင်တွင်းကြီး(၁/၂)၊ မြို့သစ်(၁/၂)၊ နတ်မောက်(၁/၂)၊ မင်းဘူး(၁/၂)၊ ကံမ(၁/၂)၊ ဆင်ပေါင်ဝဲ(၁/၂)၊ အောင်လံ(၁/၂)၊ ဆိပ်ဖြူ(၁/၂)၊ ဆော(၁/၂)၊ မန္တလေးတိုင်းဒေသကြီးတွင် ပုသိမ်ကြီး(၁/၂)၊ ရန်ကုန်တိုင်းဒေသကြီးတွင် မင်္ဂလာတောင်ညွန့်(၁/၂)၊ ရှမ်းပြည်နယ်တွင် ကလော(၁/၂)၊ ရွာငံ(၁/၂)၊ နောင်ချို(၁/၂)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကန်ကြီးထောင့်(၁)၊ သာပေါင်း(၁/၂)၊ကျုံပျော်(၁/၂)၊ရေကြည်(၁/၂)၊ မြန်အောင်(၁/၂)၊ ကျိုက်လတ်(၁/၂)၊ ဒေးဒရဲ(၁/၂) မဲဆန္ဒနယ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၄၆ ဦး၊ ချင်းပြည်နယ် တီးတိန်(၁) မဲဆန္ဒနယ်တွင် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ကတစ်ဦး၊ ချင်းပြည်နယ် တီးတိန်(၂)၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်း(၁/၂)၊ ရှမ်းပြည်နယ် ရွာငံ(၂)၊ လောက်ကိုင်(၁/၂)၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်(၂)မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ခုနစ်ဦး၊ ရှမ်းပြည်နယ် လဲချား(၁/၂)၊ လင်းခေး(၁/၂) မဲဆန္ဒနယ်များတွင် ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီကလေးဦး အနိုင်ရရှိကြသည်။

ထို့အတူ ယနေ့ ညနေ ၆ နာရီ ကြေညာချက်အရ အနိုင်ရရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦးနှင့် တစ်သီးပုဂ္ဂလ တစ်ဦး စုစုပေါင်း ၃၃ ဦးတို့ဖြစ်သည်။

အဆိုပါ ကြေညာချက်အရ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃/၄/၇/၁၂)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂/၃)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅/၆/၇/၁၀/၁၁/၁၂)၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁/၂/၃/၄/၅)၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁/၂/၅/၆)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁/၂/၃/၄/၇/၈)၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈/၉) တို့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၉ ဦး၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)တို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှနှစ်ဦး၊ ချင်း ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် ပါတီမှ တစ်ဦး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ တစ်သီးပုဂ္ဂလ တစ်ဦးတို့ အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ယနေ့ ညနေ ၆ နာရီအထိ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၈၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၆၄ ဦးတို့၏ အမည်စာရင်းနှင့် ဆန္ဒမဲရလဒ်များအား ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ယနေ့ ည ၉ နာရီတွင် အနိုင်ရရှိသည့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အား ထုတ်ပြန်ကြေညာရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှ ၄၀ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ခုနစ်ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦးတို့ ဖြစ်ကြောင်းသိရသည်။

အဆိုပါ ကြေညာချက်အရ ကချင်ပြည်နယ် ဝိုင်းမော် (၁/၂)၊ ဖားကန့် (၁/၂)၊ ကယားပြည်နယ် လွိုင်ကော် (၁/၂)၊ ဖရူဆို(၁/၂)၊ ဖားဆောင်း(၂)၊ ကရင်ပြည်နယ် သံတောင်ကြီး(၁)၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ(၂)၊ ဘုတလင် (၁/၂)၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်(၁/၂)၊ ညောင်လေးပင် (၁/၂)၊ ကျောက်တံခါး(၁/၂)၊ တောင်ငူ (၁/၂)၊ ပေါင်းတည်(၁/၂)၊ လက်ပံတန်း(၁/၂)၊ မကွေး တိုင်းဒေသကြီး ငဖဲ(၁/၂)၊ မင်းလှ (၁/၂)၊ မွန်ပြည်နယ် ကျိုက်မရော(၁)၊ ဘီးလင်း(၁/၂)၊ ရှမ်းပြည်နယ် ပင်းတယ (၂)၊ မဘိမ်း(၁/၂)၊ မိုင်းတုံ(၂)၊ မိုင်းယောင်း(၁/၂)၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ(၁/၂) မဲဆန္ဒနယ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၀ ဦး၊ကယားပြည်နယ် ဖားဆောင်း(၁)၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ(၁)၊ မွန်ပြည်နယ် ကျိုက်မရော(၂)၊ ရှမ်းပြည်နယ် ပင်းတယ(၁)၊ မိုင်းဆတ် (၁/၂)၊ မိုင်းတုံ(၁) စသည့် မဲဆန္ဒနယ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ခုနစ်ဦး၊ ကရင်ပြည်နယ် သံတောင်ကြီး(၂)မဲဆန္ဒနယ်တွင် ကရင် ပြည်သူ့ပါတီမှ တစ်ဦး အနိုင်ရရှိခဲ့ကြသည်။

သို့ဖြစ်၍ ယနေ့ည ၉ နာရီအထိ ထုတ်ပြန်ကြေညာပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ၇၈ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငါးဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ "ဝ"ဒီမိုကရက်တစ်ပါတီမှတစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှတစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှနှစ်ဦး စုစုပေါင်း ၈၈ ဦးတို့ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၉ ဦး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှနှစ်ဦး၊ တစ်သီးပုဂ္ဂလတစ်ဦး၊ ဇိုမီးဒီမိုကရေစီပါတီမှတစ်ဦး စုစုပေါင်း ၃၃ ဦးတို့ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၈၂ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၁၉ ဦး၊ ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှတစ်ဦး၊ "ဝ"ဒီမိုကရက်တစ် ပါတီမှနှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှနှစ်ဦး၊ မွန်အမျိုးသားပါတီမှတစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမို ကရေစီအဖွဲ့ချုပ်ပါတီမှ လေးဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး စုစုပေါင်း ၂၁၂ ဦးတို့ဖြစ်ကြသည်။ **(သတင်းစဉ်)**

# အမေရိကန်နှင့် အစ္စရေးဆက်ဆံရေး အိုဘားမားနှင့် နေတန်ယာဟု တွေ့ဆုံဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကို အဖြေရှာရာတွင် နိုင်ငံနှစ်နိုင်ငံအဖြစ် အတူယှဉ်တွဲနေထိုင်ရေး မျှော်မှန်းချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အမေရိကန်သမ္မတ ဘာရက်အိုဘားမားအား ကတိပြုပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတအိုဘားမားနှင့် ဝန်ကြီးချုပ် နေတန်ယာဟုတို့သည် အီရန်နျူကလီးယား သဘောတူညီချက် လက်မှတ်ရေးထိုးပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ နိုဝင်ဘာ ၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစ္စရေးနှင့် အမေရိကန်တို့သည် အရှေ့အလယ်ပိုင်းဒေသ သံတမန်ဆက်ဆံမှုနှင့် ပတ်သက်၍ လည်းကောင်း၊ အီရန်နျူကလီးယားအရေးနှင့် ပတ်သက်၍ လည်းကောင်း သဘောထားကွဲလွဲခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပြုပြင်ဖာထေးနိုင်ရန် ကြိုးပမ်းနေချိန်တွင် အိုဘားမားနှင့် နေတန်ယာဟုတို့ တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။



မိမိတို့သည် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ကြောင်း အိုဘားမားနှင့် နှစ်နာရီခွဲကြာမျှ ဆွေးနွေးခဲ့ပြီးနောက် နေတန်ယာဟုက သတင်းထောက်များအား ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် နိုင်ငံနှစ်နိုင်ငံအဖြစ် အတူယှဉ်တွဲ နေထိုင်နိုင်ရန် မိမိမျှော်မှန်းကြောင်း၊ သို့ရာတွင် ပါလက်စတိုင်း နိုင်ငံတော်အနေဖြင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များ၏ လှုပ်ရှားမှုများမှ ကင်းရှင်းမှုရှိရန် လိုအပ်မည်ဖြစ်ပြီး ရဟူဒီပြည်သူတို့၏ ဇာတိရပ်မြေအဖြစ် အစ္စရေးနိုင်ငံကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက ပြောကြားသည်။

အမေရိကန်က အစ္စရေးနိုင်ငံအား ၁၀ နှစ်ကြာ စစ်ရေးအကူအညီပေးရေး အစီအစဉ်သစ် အကောင်အထည်ဖော်နိုင်ရေးမှာ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုအပေါ် တည်မှီနေသည်။ အမေရိကန်၏ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ မဟာမိတ်နိုင်ငံဖြစ်သော အစ္စရေးနိုင်ငံသည် တစ်နှစ်လျှင် ဒေါ်လာ ငါးဘီလီယံအထိ စစ်ရေးအကူအညီရရှိရန် ကြိုးပမ်းလျက်ရှိသည်။ **ရိုက်တာ။**

# တရုတ်နိုင်ငံမြောက်ပိုင်း၌ မင်မင်းဆက်မှ တော်ဝင်အမိန့်ပြန်တမ်းများ ရှာဖွေတွေ့ရှိ

**ရှီကျားကျောင် နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ် ရွာတစ်ရွာရှိ အိမ်တစ်လုံးမှ မင်မင်းဆက် (၁၃၆၈-၁၆၄၄) ခေတ်နှစ်ပေါင်း ၅၄၀ နှစ်နှင့် ၄၇၂ နှစ်သက်တမ်းရှိ ပိုးသားရေလိပ်ပေါ် ရေးသားထားသော အင်ပါယာအမိန့်ပြန်တမ်းများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဧကရာဇ်ဘုရင်ချန်ဟွာ လက်ထက် နန်းစံသက် ၁၁ နှစ်မြောက်တွင် ထုတ်ပြန်ခဲ့သော အမိန့်ပြန်တမ်းများအနက် တစ်ခုမှာ ၃ ဒသမ ၄၂ ရှည်လျားပြီး ၃၃ စင်တီမီတာကျယ်ကာ ထိုအချိန်က အမတ်တစ်ဦးဖြစ်သူ ကူဂေါင်အား အလုပ်ကြိုးစားမှုနှင့် လုံ့လဝီရိယရှိမှုတို့အတွက် ချီးကျူးထားသော စကားလုံး ၄၁၂ လုံးပါရှိသည်။

ဧကရာဇ်ဘုရင် ကျားကျင်လက်ထက် နန်းစံသက် ၂၂ နှစ်တွင် ထုတ်ပြန်ခဲ့သော ဒုတိယမြောက် အမိန့်ပြန်တမ်းမှာ လေးမီတာရှည်ပြီး ၃၃ စင်တီမီတာကျယ်သည်။ စကားလုံး ၃၇၄ လုံးရှိသည့် အဆိုပါအမိန့်ပြန်တမ်းတွင် ကူဂေါင်၏မြေးဖြစ်သူ ကူယွိအား ဧကရာဇ်ဘုရင်က ရာထူးတိုးမြှင့်ပေးထားသည်။ “ဒီတော်ဝင်အမိန့်ပြန်တမ်းနှစ်ခုက တူညီတဲ့ပုံစံနဲ့စကားလုံးဖွဲ့စပ်ပုံတူညီပြီး မင်မင်းဆက်မှာ တာဝန်ရှိတဲ့သူတွေကို ဘယ်လိုခန့်အပ်ပြီး ရာထူးတိုးမြှင့်ပေးတယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ သုတေသနပြုလုပ်ချက်အပေါ်မှာ အထောက်အကူပြုမှာဖြစ်ပါတယ်” ဟု ဒေသခံသမိုင်းပညာရှင် ဂူဟွာချီကဆိုသည်။

**ဆင်ဟွာ**



# အေပက်အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်အရေးမဆွေးနွေးရန် တရုတ်တောင်းဆို

**ပေကျင်း နိုဝင်ဘာ ၁၀**

လာမည့်သီတင်းပတ်တွင် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် (အေပက်ထိပ်သီးအစည်းအဝေး) တွင် ပိုင်နက်နယ်မြေအငြင်းပွားမှုများ ဖြစ်ပွားနေသည့် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ထည့်သွင်းဆွေးနွေးခြင်းမပြုရန် တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံကို တောင်းဆိုခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ**(အပေါ်ပုံ)**နှင့် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘတ် ဒယ် ရိုဆာရီယိုတို့သည် နိုဝင်ဘာ ၁၀ ရက်က မနီလာမြို့တော်တွင် တွေ့ဆုံခဲ့ကြသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက တောင်တရုတ်ပင်လယ်အရေးကိစ္စဖြေရှင်းရေးကို နှစ်နိုင်ငံသီးသန့် တွေ့ဆုံဆွေးနွေးသွားရန် တောင်းဆိုခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ဆွေးနွေးရန် ဆန္ဒမရှိကြောင်း၊ သို့သော် အခြားနိုင်ငံများက ယင်းပြဿနာကို ဆွေးနွေးရန်ဆန္ဒ ရှိ၊ မရှိဆိုသည်မှာ ဖိလစ်ပိုင်အစိုးရနှင့် သက်ဆိုင်မှုမရှိကြောင်း အဲလ်ဘတ် ဒယ် ရိုဆာရီယိုကပြောကြားသည်။ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါးကို ၎င်း၏ပိုင်နက်နယ်မြေဖြစ်ကြောင်း အခိုင်အမာဆိုထားသည်။ အဆိုပါအငြင်းပွားမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ပြောဆိုချက်ကို ဖိလစ်ပိုင်နိုင်ငံက လက်မခံနိုင်ကြောင်း နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ ပိုင်နက်နယ်မြေအငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပေးသည့် ခုံရုံးသို့ တိုင်ကြားထားသည်။

တရုတ်နိုင်ငံက စပရတ်တလီကျွန်းစုတွင် ကျွန်းတုများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍လည်း တင်းမာမှုများ မြင့်တက်ခဲ့သည်။ လာမည့်သီတင်းပတ်တွင် ကျင်းပမည့် အေပက်ထိပ်သီးအစည်းအဝေးသို့ အမေရိကန်သမ္မတ ဘာရက်အိုဘားမား၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တက်ရောက်ကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# တောင်ကိုရီးယားသင်္ဘောကျင်းတစ်ခု၌ မီးလောင်မှုဖြစ်ပွား တစ်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

**ဆိုးလ် နိုဝင်ဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျိုဂျေးကျွန်းရှိ သင်္ဘောကျင်းတစ်ခုတွင် နိုဝင်ဘာ ၁၀ ရက်က မီးလောင်မှုဖြစ်ပွားရာ အလုပ်သမားတစ်ဦးသေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တန်ချိန် ၈၅၀၀ ရှိ ရေနံဓာတ်ငွေ့ရည်တင် သင်္ဘောတစ်စင်း တည်ဆောက်နေသည့် လုပ်ငန်းခွင်အတွင်း ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါရေယာဉ်ကို ဒေဝူးရေယာဉ်တည်ဆောက်ရေးနှင့် ရေကြောင်းအင်ဂျင်နီယာဌာန သင်္ဘောကျင်းတွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

မီးလောင်ကျွမ်းမှုကို အချိန်တစ်နာရီကြာ ငြိမ်းသတ်ခဲ့ရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားရာမှ ထွက်ပေါ်လာသည့် အဆိပ်ဓာတ်ငွေ့များ ရှူရှိုက်မိခြင်းကြောင့် အသက် (၅၀) ကျော်အရွယ် အလုပ်သမားတစ်ဦး သေဆုံးသွားပြီး ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ဒဏ်ရာရရှိသူတစ်ဦးမှာ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ဝေဒနာခံစားနေရပြီး အခြားသုံးဦးမှာ ပြင်းထန်သော ဒဏ်ရာများရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အလုပ်သမား ၁၃၀ ခန့်သည် တည်ဆောက်ဆဲရေယာဉ်အတွင်း၌ လုပ်ငန်းလုပ်ကိုင်နေစဉ် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

ဂဟေဆော်ကိရိယာမှ မီးတောက်များက မီးလောင်လွယ်သည့် ပစ္စည်းများရှိရာသို့ ပျံ့နှံ့ရောက်ရှိသွားခြင်းကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရသည်ဟု ယူဆရသော်လည်း မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲရှိသည်။

ယခုနှစ်ဩဂုတ် ၂၄ ရက်ကလည်း ဤသင်္ဘောကျင်းမှာပင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်မှုကြောင့် အလုပ်သမားနှစ်ဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

**ဆင်ဟွာ။**



# အကြမ်းဖက်မှုတိုက်ဖျက်ရေး အိန္ဒိယနှင့် ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်

**နယူးဒေလီ နိုဝင်ဘာ ၁၀**

အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို နိုဝင်ဘာ ၉ ရက်တွင် စတင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျာစသန်ပြည်နယ်၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရက်သတ္တနှစ်ပတ်ကြာ ပြုလုပ်မည်ဖြစ်သည်။

ရာဂျာစသန်ပြည်နယ် ဘီကေနာမြို့ရှိ မဟာဂျန် စက်ပစ်ကွင်း၌ ပူးတွဲ စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ကြောင်း အိန္ဒိယကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားကြသည်။

ရုရှားတပ်ဖွဲ့ဝင် ၂၅၀ ကျော်သည် စစ်ရေးလေ့ကျင့်မှု၌ ပါဝင်ရန် နိုဝင်ဘာ ၇ ရက်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ဆင်ဟွာ။**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှအဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၉။ | ကချင်ပြည်နယ် | အင်ဂျန်းယန် | ဦးလမာနော်အောင် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၄၃၉ |
| ၃၀။ | ကယားပြည်နယ် | ဘောလခဲ | ဦးအေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၇၄၃ |
| ၃၁။ | ကယားပြည်နယ် | မယ်စဲ့ | ဦးသန်းလင်းလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၁၆ |
| ၃၂။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး | ဒေါ်ခင်စန္ဒီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၇၇၃ |
| ၃၃။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း | ဦးအောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၅၅၁ |
| ၃၄။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း | ဦးသာချို(ခ)ဦးတင်ကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၀၆၁ |
| ၃၅။ | မကွေးတိုင်းဒေသကြီး | စလင်း | ဦးကံဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၈၂၇၆ |
| ၃၆။ | မကွေးတိုင်းဒေသကြီး | သရက် | ဦးကံမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၄၉၁ |
| ၃၇။ | မကွေးတိုင်းဒေသကြီး | မင်းတုန်း | ဒေါ်ခင်သန်းနု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၄၃၄ |
| ၃၈။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၃၁၇၄ |
| ၃၉။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန် | ဦးကျော်စိုးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၈၄၉ |
| ၄၀။ | မန္တလေးတိုင်းဒေသကြီး | တံတားဦး | ဒေါ်စိုးနွယ်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၅၅၉ |
| ၄၁။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း | ဦးရွှေကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၆၂၂၃ |
| ၄၂။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း | ဦးခင်မောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၉၇၄ |
| ၄၃။ | မွန်ပြည်နယ် | သံဖြူဇရပ် | ဦးဉာဏ်ဟိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၈၈၉ |
| ၄၄။ | မွန်ပြည်နယ် | မုဒုံ | ဦးစောထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၆၆၃ |
| ၄၅။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင် | ဦးနေမျိုးထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၉၁၇ |
| ၄၆။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ဒေါက်တာသန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၄၄၉၀ |
| ၄၇။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင် | ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၄၁၉ |
| ၄၈။ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း | ဦးစိုးသူရထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၁၄၄ |
| ၄၉။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း | ဦးဘိုဘိုဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၆၀၉ |
| ၅၀။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း | ဦးထွန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၀၃၂ |
| ၅၁။ | ဧရာဝတီတိုင်းဒေသကြီး | ဇလွန် | ဦးအောင်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၉၅၆ |
| ၅၂။ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ | ဦးဇော်မင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၃၁၂ |
| ၅၃။ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း | ဦးထွန်းလင်းမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၀၉၆ |
| ၅၄။ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ | ဦးအေးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၈၁၉ |
| ၅၅။ | ကယားပြည်နယ် | ဒီးမော့ဆို | ဦးပေါလ်ဆိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၆၃၁ |
| ၅၆။ | ကယားပြည်နယ် | ရှားတော | ဒေါ်ဝင့်ဝါထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၇၅ |
| ၅၇။ | ချင်းပြည်နယ် | တီးတိန် | ဦးကျင့်ရှင်းထန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၄၉၆၇ |
| ၅၈။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ | ဦးအောင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၂၇၄ |
| ၅၉။ | မကွေးတိုင်းဒေသကြီး | မကွေး | ဦးမြင့်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၇၅၈၀ |
| ၆၀။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ဦးမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၁၁၆ |
| ၆၁။ | မကွေးတိုင်းဒေသကြီး | မြို့သစ် | ဦးသာအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၇၁၈ |
| ၆၂။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ဦးအောင်တင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၃၀၈၁ |
| ၆၃။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ဦးဝင်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၂၀၉၃ |
| ၆၄။ | မကွေးတိုင်းဒေသကြီး | ပွင့်ဖြူ | ဦးထွန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၉၇၅ |
| ၆၅။ | မကွေးတိုင်းဒေသကြီး | ကံမ | ဦးစိန်ဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၅၉၃ |
| ၆၆။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ | ဦးနေထက်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၉၀၅ |
| ၆၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ဦးအောင်ထူးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၀၈၅ |
| ၆၈။ | မကွေးတိုင်းဒေသကြီး | ဆိပ်ဖြူ | ဦးအောင်သိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၈၀၆ |
| ၆၉။ | မကွေးတိုင်းဒေသကြီး | ဆော | ဦးကျော်တင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၉၆၆ |
| ၇၀။ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီး | ဦးသောင်းဌေးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၆၄၁ |
| ၇၁။ | မွန်ပြည်နယ် | မော်လမြိုင် | ဦးနိုင်သောင်းညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၅၁၅၁ |
| ၇၂။ | မွန်ပြည်နယ် | ချောင်းဆုံ | ဒေါ်ခင်ဌေးကြွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၅၈၀ |
| ၇၃။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာတောင်ညွန့် | ဒေါ်ဖြူဖြူသင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၁၉၇၀ |
| ၇၄။ | ရန်ကုန်တိုင်းဒေသကြီး | ကိုကိုးကျွန်း | သူရဦးသက်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၂၀၄ |
| ၇၅။ | ရှမ်းပြည်နယ် | ကလော | ဒေါ်ပြုံးကေသီနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၅၃၇ |
| ၇၆။ | ရှမ်းပြည်နယ် | ရွာငံ | ဦးအောင်စိုးမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၁၈၃ |
| ၇၇။ | ရှမ်းပြည်နယ် | လဲချား | ဦးစိုင်းမွန်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃၀၅၁ |
| ၇၈။ | ရှမ်းပြည်နယ် | လင်းခေး | ဦးစိုင်းဘသိန်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၀၁၀ |
| ၇၉။ | ရှမ်းပြည်နယ် | နောင်ချို | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၂၀၀ |
| ၈၀။ | ရှမ်းပြည်နယ် | လောက်ကိုင် | ဦးလူတယ်ဟုန်(ခ) အောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၇၁၉၄ |
| ၈၁။ | ဧရာဝတီတိုင်းဒေသကြီး | ကန်ကြီးထောင့် | ဦးရွှေလှကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၉၀၉ |
| ၈၂။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း | ဦးသိန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၂၉၁ |
| ၈၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော် | ဦးစိုးအောင်နိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၈၅၉၃ |
| ၈၄။ | ဧရာဝတီတိုင်းဒေသကြီး | ရေကြည် | ဒေါက်တာစံရွှေဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၅၃၁၅ |
| ၈၅။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင် | ဦးခင်မောင်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၅၅၈၈ |
| ၈၆။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ဦးစိန်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၂၁၁၈ |
| ၈၇။ | ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ် | ဦးရန်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၉၈၄ |
| ၈၈။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ဒေါက်တာဒေါ်ခင်ညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၂၃၁ |

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကယားပြည်နယ် | အမှတ်(၃) | ဦးဘော်ရယ်စိုးဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁၆၂ |
| ၂။ | ကယားပြည်နယ် | အမှတ်(၄) | ဦးစောစိန်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၀၃၀ |
| ၃။ | ကယားပြည်နယ် | အမှတ်(၇) | ဦးအောင်ကျော်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၃၁ |
| ၄။ | ကယားပြည်နယ် | အမှတ်(၈) | ဦးကျော်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၆၃၆ |
| ၅။ | ကယားပြည်နယ် | အမှတ်(၉) | ဦးစိုးသိန်း | တစ်သီးပုဂ္ဂလ | ၁၄၀၆ |
| ၆။ | ကယားပြည်နယ် | အမှတ်(၁၂) | ဦးစိုင်းပန်ဖ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၇၃ |
| ၇။ | ချင်းပြည်နယ် | အမှတ်(၅) | ဦးပူဂင်ကမ်းလျန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၈၀ |
| ၈။ | ချင်းပြည်နယ် | အမှတ်(၆) | ဦးကျင့်ခန့်ပေါင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၄၇၄ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၂) | ဦးသက်နိုင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၁၀၇ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၃) | ဦးထွန်းလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၂၆၆ |
| ၁၁။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၅) | ဒေါက်တာတင်တင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၁၉၂၈ |
| ၁၂။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၆) | ဦးမင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၇၂၆ |
| ၁၃။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၇) | ဒေါက်တာမြသောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၂၇၇ |
| ၁၄။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁၀) | ဦးဝင်းကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၅၈၃၄ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁၁) | ဒေါက်တာဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၃၁၃၀ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁၂) | ဦးအောင်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၅၆၇ |
| ၁၇။ | မကွေးတိုင်းဒေသကြီး | အမှတ်(၁) | ဦးလှဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၂၅၇၈ |
| ၁၈။ | မကွေးတိုင်းဒေသကြီး | အမှတ်(၂) | ဦးခင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၉၅၇၅ |
| ၁၉။ | မကွေးတိုင်းဒေသကြီး | အမှတ်(၃) | ဦးချစ်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၇၁၈၁ |
| ၂၀။ | မကွေးတိုင်းဒေသကြီး | အမှတ်(၄) | ဦးအောင်ကြည်ညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၃၂၃၈ |
| ၂၁။ | မကွေးတိုင်းဒေသကြီး | အမှတ်(၅) | ဦးတင်အောင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၅၆၅၇ |
| ၂၂။ | မွန်ပြည်နယ် | အမှတ်(၁) | ဦးအေးမင်းဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၃၀၉ |
| ၂၃။ | မွန်ပြည်နယ် | အမှတ်(၂) | ဒေါ်နွယ်နွယ်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၁၈၁ |
| ၂၄။ | မွန်ပြည်နယ် | အမှတ်(၅) | ဒေါ်မြတ်သီတာထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၃၇၅ |
| ၂၅။ | မွန်ပြည်နယ် | အမှတ်(၆) | ဦးဖေတင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၁၂၆ |
| ၂၆။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၁) | ဒေါက်တာဌေးကြွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၇၀၃၁ |
| ၂၇။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၂) | ဦးဌေးဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၄၅၁၅ |
| ၂၈။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၃) | ဒေါက်တာမြတ်ဉာဏစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၀၅၃၈ |
| ၂၉။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၄) | ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၁၈၆၈ |
| ၃၀။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၇) | ဦးရဲမြင့်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၆၇၀၄ |
| ၃၁။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၈) | ဦးကျော်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၁၇၆၂ |
| ၃၂။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၈) | ဒေါ်အိအိပြုံး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၀၁၂ |
| ၃၃။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၉) | မန်းတိုးရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၈၄၂၁ |

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှအဆက်)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၃။ | ပဲခူးတိုင်းဒေသကြီး | ရွှေတောင်(၁) | ဦးညွန့်ဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၁၅၃ |
| ၂၆။ | ပဲခူးတိုင်းဒေသကြီး | ရွှေတောင်(၂) | ဦးအုန်းသွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၇၄၀ |
| ၂၇။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ(၁) | ဒေါက်တာ ဇော်မြင့်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၈၈၉ |
| ၂၈။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ(၂) | ဦးမြင့်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၉၀၆ |
| ၂၉။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ (၁) | ဦးမောင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၃၈၈ |
| ၃၀။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ (၂) | ဦးမင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၈၈၅ |
| ၃၁။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး (၁) | ဦးအောင်သန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၅၆၄ |
| ၃၂။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး (၂) | ဒေါက်တာ ဦးကျော်နိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၆၂၅ |
| ၃၃။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ဆည်(၁) | ဦးရဲမင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၆၀၉ |
| ၃၄။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ဆည်(၂) | ဦးအောင်ကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၅၉၀ |
| ၃၅။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာ(၁) | ဦးအောင်ကျော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၃၆၀ |
| ၃၆။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာ(၂) | ဦးစိုးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၇၄ |
| ၃၇။ | မန္တလေးတိုင်းဒေသကြီး | မလှိုင်(၁) | ဦးချစ်မင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၅၉၆ |
| ၃၈။ | မန္တလေးတိုင်းဒေသကြီး | မလှိုင်(၂) | ဒေါ်သီတာငြိမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၂၉၉ |
| ၃၉။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ(၁) | ဦးထွန်းထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၄၂၇ |
| ၄၀။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ (၂) | ဒေါ်သန္တာမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၇၂၈ |
| ၄၁။ | ရန်ကုန်တိုင်းဒေသကြီး | သုံးခွ(၁) | ဦးနေဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၁၇၄ |
| ၄၂။ | ရန်ကုန်တိုင်းဒေသကြီး | သုံးခွ (၂) | ဦးမျိုးဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၀၈၇ |
| ၄၃။ | ရန်ကုန်တိုင်းဒေသကြီး | ဒလ (၁) | ဦးရွှေယင်(ခ)ဦးထွန်းရင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၂၉၇ |
| ၄၄။ | ရန်ကုန်တိုင်းဒေသကြီး | ဒလ (၂) | ဦးထွေးတင်(ခ) ဦးမြသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၁၄၄ |
| ၄၅။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တံတား(၁) | ဒေါ်ကြည်ပြာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၁၆ |
| ၄၆။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တံတား(၂) | ဒေါ်မြလှစံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၁၇ |
| ၄၇။ | ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင်(၁) | ဦးကျော်နန္ဒအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၉၀၉ |
| ၄၈။ | ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင်(၂) | ဦးခင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၇၀၇ |
| ၄၉။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်(၁) | ဦးကျော်ကျော်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၉၀၆ |
| ၅၀။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်(၂) | ဒေါ်ခိုင်မာဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၆၈၁ |
| ၅၁။ | ရှမ်းပြည်နယ် | ဟိုပန်(၁) | ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ | "ဝ" ဒီမိုကရက်တစ်ပါတီ | ၂၈၅၅ |
| ၅၂။ | ရှမ်းပြည်နယ် | ဟိုပန်(၂) | ဦးရန်ကျော် | "ဝ" ဒီမိုကရက်တစ်ပါတီ | ၃၃၆၂ |
| ၅၃။ | ကချင်ပြည်နယ် | အင်ဂျန်းယန်(၁) | ဦးဇော်မိုးနော် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၂၁၃ |
| ၅၄။ | ကချင်ပြည်နယ် | အင်ဂျန်းယန်(၂) | ဒေါ်ဂျာဆိုင်းခေါန် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၂၀၃ |
| ၅၅။ | ကယားပြည်နယ် | ဘော်လခဲ(၁) | ဦးအေးရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၃ |
| ၅၆။ | ကယားပြည်နယ် | ဘော်လခဲ(၂) | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၃၉ |
| ၅၇။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး(၁) | ဦးဗိုလ်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၆၆၀ |
| ၅၈။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး(၂) | ဦးမြင့်စန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၃၉၁ |
| ၅၉။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း(၁) | ဒေါက်တာလဲ့လဲ့မော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၉၇၀ |
| ၆၀။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း(၂) | ဦးဝေဝေလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၈၂၅ |
| ၆၁။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း(၁) | ဦးတင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၄၄၈ |
| ၆၂။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း(၂) | ဦးသိန်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၈၅၇ |
| ၆၃။ | မကွေးတိုင်းဒေသကြီး | စလင်း(၁) | ဦးတာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၈၉၁ |
| ၆၄။ | မကွေးတိုင်းဒေသကြီး | စလင်း(၂) | ဦးသက်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၂၉၆ |
| ၆၅။ | မကွေးတိုင်းဒေသကြီး | သရက်(၁) | ဒေါ်အေးယုမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၅၂၂ |
| ၆၆။ | မကွေးတိုင်းဒေသကြီး | သရက်(၂) | ဦးဇော်မိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၁၂၄ |
| ၆၇။ | မကွေးတိုင်းဒေသကြီး | မင်းတုန်း(၁) | ဦးတင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၅၆၄ |
| ၆၈။ | မကွေးတိုင်းဒေသကြီး | မင်းတုန်း(၂) | ဦးအေးလှိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၀၉၉ |
| ၆၉။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ(၁) | ဦးဇာနည်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၅၃၁ |
| ၇၀။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ(၂) | ဦးဇော်ဇော်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၇၂၄၆ |
| ၇၁။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန်(၁) | ဒေါက်တာချစ်ကိုကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၆၈ |
| ၇၂။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန်(၂) | ဦးဇော်မောင်(ခ) ဇော်မောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၉၇၄ |
| ၇၃။ | မန္တလေးတိုင်းဒေသကြီး | တံတားဦး(၁) | ဦးမင်းမင်းနီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၉၅၂ |
| ၇၄။ | မန္တလေးတိုင်းဒေသကြီး | တံတားဦး(၂) | ဦးဝဏ္ဏအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၂၀၉ |
| ၇၅။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း(၁) | ဦးအေးခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၀၁၈ |
| ၇၆။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း(၂) | ဦးမျိုးဆွေဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၇၃၀ |
| ၇၇။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း(၁) | ဦးစိုးမင်းထက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၇၆၈ |
| ၇၈။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း(၂) | ဦးအောင်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၇၀၆ |
| ၇၉။ | မွန်ပြည်နယ် | မော်လမြိုင်(၁) | ဦးမင်းထင်အောင်ဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၃၉၁ |
| ၈၀။ | မွန်ပြည်နယ် | မော်လမြိုင်(၂) | ဒေါက်တာထိန်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၈၈၅ |
| ၈၁။ | မွန်ပြည်နယ် | သံဖြူဇရပ်(၁) | ဒေါ်တင်အိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၃၄၅ |
| ၈၂။ | မွန်ပြည်နယ် | သံဖြူဇရပ်(၂) | ဦးထွန်းဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၅၃၄ |
| ၈၃။ | မွန်ပြည်နယ် | မုဒုံ(၁) | ဒေါ်မြသီဂီမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၇၆၃ |
| ၈၄။ | မွန်ပြည်နယ် | မုဒုံ(၂) | ဦးနိုင်ကြည်ဝင်း(ခ) ဒေါက်တာမင်းကြည်ဝင်း | မွန်အမျိုးသားပါတီ | ၁၂၃၇၇ |
| ၈၅။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်(၁) | ဦးအောင်ဘုန်းကျော်စံဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၅၇၅ |
| ၈၆။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်(၂) | ဦးဌေးမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၇၂၃ |
| ၈၇။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ(၁) | ဦးဇော်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၅၄၅ |
| ၈၈။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ(၂) | ဦးမြင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၄၈၄ |
| ၈၉။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်(၁) | ဦးအောင်ထူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၆၉ |
| ၉၀။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်(၂) | ဦးသက်ထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၅၇၅ |
| ၉၁။ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း(၁) | ဦးမန်းအောင်ကိုမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၇၉၂ |
| ၉၂။ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း(၂) | ဦးအောင်မင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၀၉၅ |
| ၉၃။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း(၁) | ဦးအောင်မျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၈၄၅ |
| ၉၄။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း(၂) | ဦးသော်တာအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၃၀၆ |
| ၉၅။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း(၁) | ဦးအောင်မြတ်ကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၄၂၀ |
| ၉၆။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း(၂) | ဦးသောင်းထွဋ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၅၇၂ |
| ၉၇။ | ဧရာဝတီတိုင်းဒေသကြီး | ဇလွန်(၁) | ဦးလင်းနိုင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၃၀၀ |
| ၉၈။ | ဧရာဝတီတိုင်းဒေသကြီး | ဇလွန်(၂) | ဦးခိုင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၁၀၁ |
| ၉၉။ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ(၁) | ဦးစိုးခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၃၁၃ |
| ၁၀၀။ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ(၂) | ဦးစိုးသန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၇၁၇ |
| ၁၀၁။ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း(၁) | ဦးသော်ဇင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၇၇၀ |
| ၁၀၂။ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း(၂) | ဦးကျော်မျိုးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၆၃၁ |
| ၁၀၃။ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ(၁) | ဦးအောင်ကျော်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၇၇၆ |
| ၁၀၄။ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ(၂) | ဦးဗိုလ်ဗိုလ်ဇင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၀၈၃ |
| ၁၀၅။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း(၁) | ဒေါ်နီနီမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၈၄၀ |
| ၁၀၆။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း(၂) | ဦးကျော်ဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၉၁၄ |
| ၁၀၇။ | ကယားပြည်နယ် | ဒီးမော့ဆို(၁) | ဦးသိန်းအောင် (ခ) ဦးစဲရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၆၁ |
| ၁၀၈။ | ကယားပြည်နယ် | ဒီးမော့ဆို(၂) | ဦးဘော့စ်ကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၁၉၂ |
| ၁၀၉။ | ကယားပြည်နယ် | ရှားတော(၁) | ဦးတီရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၄ |
| ၁၁၀။ | ကယားပြည်နယ် | ရှားတော(၂) | ဦးလှထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၃ |
| ၁၁၁။ | ချင်းပြည်နယ် | တီးတိန်(၁) | ဦးပူထန်ဒိတ်ခုတ် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၇၈ |

စာမျက်နှာ ၇ သို့

## ပြည်တွင်းရေးရာ

စာမျက်နှာ ၆ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၁၂။ | ချင်းပြည်နယ် | တီးတိန်(၂) | ဦးဆွန်ဒုတ်ကျင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၈၆၆ |
| ၁၁၃။ | မကွေးတိုင်းဒေသကြီး | မကွေး(၁) | ဦးကျော်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၇၀၉ |
| ၁၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး(၂) | ဒေါ်ခင်ချိုလတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၅၇၇ |
| ၁၁၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး(၁) | ဦးဇော်မင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၅၀၆၃ |
| ၁၁၆။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး(၂) | ဦးဝင်းမြင့်လှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၂၉၃ |
| ၁၁၇။ | မကွေးတိုင်းဒေသကြီး | မြို့သစ်(၁) | ဦးသန်းဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၁၃၁ |
| ၁၁၈။ | မကွေးတိုင်းဒေသကြီး | မြို့သစ်(၂) | ဦးဇော်မျိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၀၂၀ |
| ၁၁၉။ | မကွေးတိုင်းဒေသကြီး | နတ်မောက်(၁) | ဦးသောင်းရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၇၆၀ |
| ၁၂၀။ | မကွေးတိုင်းဒေသကြီး | နတ်မောက်(၂) | ဒေါက်တာခင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၉၃၄ |
| ၁၂၁။ | မကွေးတိုင်းဒေသကြီး | မင်းဘူး(၁) | ဦးကျော်စွမ်းရည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆၅၆၈ |
| ၁၂၂။ | မကွေးတိုင်းဒေသကြီး | မင်းဘူး(၂) | ဦးနေမျိုးကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၂၂၉ |
| ၁၂၃။ | မကွေးတိုင်းဒေသကြီး | ကံမ(၁) | ဦးဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၁၀၄ |
| ၁၂၄။ | မကွေးတိုင်းဒေသကြီး | ကံမ(၂) | ဦးမြင့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၂၀၁ |
| ၁၂၅။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ(၁) | ဦးတင်မောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၉၆၆ |
| ၁၂၆။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ(၂) | ဦးကျော်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၇၈၁ |
| ၁၂၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ(၁) | ဦးဇော်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၀၈၂ |
ရွေးကောက်ပွဲကာလတွင် ကုန်စုံဆိုင်များ၊ ဈေးဆိုင်များ ပိတ်သောကြောင့် အခြေခံစားသောက်ကုန်အချို့ ဈေးနှုန်းမြင့်တက်မှုများရှိခဲ့သော်လည်း စူပါမားကက်ကြီးများတွင်မူ ပုံမှန်အတိုင်းသာ ရောင်းချပေးခဲ့သည်ဟု သိရသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲပေးမည့် ဝန်ထမ်းများအတွက် နေ့တစ်ဝက် ပိတ်ပေးခဲ့သော်လည်း စူပါမားကက်ကြီးများ နေ့တစ်ဝက် ဖွင့်ပေးခဲ့သည့်အတွက် အရောင်းအဝယ်များ အဆင်ပြေချောမွေ့ခဲ့သည်ဟု သိရသည်။

"ရွေးကောက်ပွဲနေ့က ဆိုင်တွေအားလုံးပိတ်တော့ ကြိုတင်ဝယ်ထားရတယ်။ အဲဒါကြောင့် ဆန်၊ ဆီ၊ ဆား အခြေခံကုန်ဈေးနှုန်းတွေ တက်သွားတယ်။ တကယ်တမ်းတော့ အေးအေးချမ်းချမ်းပြီးသွားတာ ဝမ်းသာပါတယ်။ ဆိုင်တော်တော်များများပိတ်တော့ လိုချင်တဲ့ပစ္စည်းလေးတွေရှိရင် စီးတီးမတ်တို့၊ စူပါးမားကက်ကြီးတို့ နေ့တစ်ဝက်ဖွင့်ပေးလို့ အဆင်ပြေပါတယ်။ ကျန်တဲ့ဆိုင်တွေ အားလုံးကတော့ ပိတ်တော့အဆင်မပြေဘူး။ အိမ်ကလူတွေကတော့ ကြိုဝယ်ထားတာတွေနဲ့ အဆင်ပြေပေမယ့် အဲဒီနေ့မှာ တာဝန်ကျနေတဲ့ သူတွေကတော့ စီးတီးမတ်ဖွင့်ပေးလို့တော်ပါသေးတယ်။ နောက်နေ့မှာတော့ အားလုံးပုံမှန်အတိုင်းပါပဲ" ဟု ပုဂ္ဂလိကမီဒီယာတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ရွေးကောက်ပွဲမတိုင်မီကာလနှင့် ရွေးကောက်ပွဲကာလတွင် ရန်ကုန်မြို့၌ ယာဉ်သွားလာမှုများ စံချိန်တင်လျော့နည်းခဲ့ပြီး ခရီးသည်တင်ယာဉ်များ ယာဉ်အစီးရေ၏ ထက်ဝက်ခန့်သာ ပြေးဆွဲမှုရှိခဲ့သည်။ စီးတီးတက္ကစီများလည်း ပြေးဆွဲမှုလျော့နည်းခဲ့ပြီး အများစုမှာ ရပ်နားခဲ့သည်ဟုသိရသည်။ သို့ရာတွင် ရွေးကောက်ပွဲအလွန်ကာလ ဒီပါဝလီနေ့ အစိုးရရုံးပိတ်ရက်နှင့် တိုက်ဆိုင်မှုရှိခဲ့သောကြောင့် သွားလာမှုအနည်းငယ် လျော့နည်းခဲ့သော်လည်း ပုံမှန်အတိုင်းပင် သွားလာလှုပ်ရှားမှုများဖြင့် အေးချမ်းစွာရှိကြောင်း သိရသည်။

**(၀၀၁)**

# မြို့တည်ဆောက်ပုံ အဆောက်အအုံများ လေ့လာခြင်းဖြင့် ရှေးလူများ၏ လူနေမှုစနစ်ကို မှတ်တမ်းပြုနိုင်

**မုံရွာ နိုဝင်ဘာ ၁၀**


မြို့တည်ဆောက်ပုံအနေအထားနှင့် အဆောက်အအုံများ တည်ရှိမှုပုံသဏ္ဌာန်တို့ကို လေ့လာခြင်းအားဖြင့် ရှေးခေတ်လူများ မည်သို့မည်ပုံ တည်ဆောက်ထားရှိခဲ့သည်၊ မည်သည့် ပစ္စည်းများထည့်သွင်း အသုံးပြုခဲ့သည် စသည်များကို လေ့လာသိရှိနိုင်ခြင်းနှင့် မူလဇာစ်မြစ်အခြေခံတို့ကို သုတေသနပြု၍ လူနေမှုစနစ်ကို ကောက်ချက်ချ မှတ်တမ်းပြုနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

ယခုအချိန်တွင် လွန်ခဲ့သော နှစ်သုံးသောင်းခန့်က သမိုင်းအဆက်ဆက် တီထွင်ဖန်တီးထုတ်လုပ်ခဲ့ကြသည့် ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများထဲတွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်မရွှေ့ပြောင်းနိုင်သောပစ္စည်းဟူ၍ နှစ်မျိုးခွဲခြားထားကြောင်း သိရသည်။ ရွှေ့ပြောင်းနိုင်သောပစ္စည်းများထဲတွင် လက်မှုအနုပညာဖြင့် ဖန်တီးထုတ်လုပ်ခဲ့သည့် ပန်းဆယ်မျိုးအပါအဝင် ပစ္စည်းများ၊ ရှေးဟောင်း အဆောက်အအုံနှင့် တွဲ၍ဖန်တီးထားသော လက်ရာပစ္စည်းများ ပါဝင်ကြောင်း သိရသည်။


ပန်းချီကားများ၊ ပန်းတော့နှင့် ပန်းတမော့လက်ရာများ၊ ပန်းထိမ်လက်ရာ ပစ္စည်းများ၊ သစ်သား၊ ဆင်စွယ်၊ အရိုး ပန်းပုလက်ရာပစ္စည်းများ၊ မြေထည် စဥ့်သုတ်လက်ရာများ၊ မြေထည် မီးဖုတ်လက်ရာများ၊ ကျောက်သားဖြင့် ပြုလုပ်ထားသောပစ္စည်းများ၊ ရှေးဟောင်းအဝတ်အထည်များ၊ ဓာတ်သတ္တုပစ္စည်းများဖြင့် ပြုလုပ်ထားသောပစ္စည်းများ၊ ရှေးခေတ် လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ သမိုင်းဝင်ပစ္စည်းများသည် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်ကာ အဆိုပါပစ္စည်းများကိုရွှေထည်၊ ငွေထည်၊ သံထည်၊ ကြေးထည်ခံသတ္တု၊ ပိုးထည်ချည်ထည်၊ ကျောက်အမျိုးမျိုး၊ တန်ဖိုးရှိသော ကျောက်များ၊ ရွှံ့နှင့်မြေထည်၊ သစ်သား၊ အရိုး၊ ဆင်စွယ်၊ သစ်ခေါက်၊ ပေရွက်၊ စက္ကူစသည့်အခြေခံပစ္စည်းများဖြင့် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**


### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ရန်ကုန်တိုင်းဒေသကြီး ၂၆ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### မန္တလေးတိုင်းဒေသကြီး ၁၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ပဲခူးတိုင်းဒေသကြီး ၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ဧရာဝတီတိုင်းဒေသကြီး ၁၃ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### မကွေးတိုင်းဒေသကြီး ၁၅ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### တနင်္သာရီတိုင်းဒေသကြီး ၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ရှမ်းပြည်နယ် ၈ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
### ကချင်ပြည်နယ် ၁ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ် ၄ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ် ၁ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ် ၄ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၆ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၆ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် ၂ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် ၅ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ် မဲဆန္ဒနယ် ၆ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)
I.C = Independent Candidate (တစ်သီးပုဂ္ဂလ)


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၄ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၂ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၅၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၄ ခုမှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၁၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**


NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ


CUP = Counting Under Process (ရေတွက်ဆဲ)

ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၃၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ်မဲဆန္ဒနယ် ၂၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ်မဲဆန္ဒနယ် ၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၁၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကရင်ပြည်နယ်မဲဆန္ဒနယ်၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၁၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

KSDP - ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
KPP - ကရင်ပြည်သူ့ပါတီ
MNP - မွန်အမျိုးသားပါတီ
NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
SNLD - ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
WDP - "ဝ" ဒီမိုကရက်တစ်ပါတီ
ZCD - ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
CUP - Counting Under Process (ရေတွက်ဆဲ)

# မန်ယူအခက်၊ ရီးယဲလ်အချက်လား

ရီးယဲလ်အသင်းက မန်ယူမှာ အဆင်မပြေဖြစ်နေတဲ့ တောင်ပံတိုက်စစ်မှူး ဒီပေးကို ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သတင်းရင်းမြစ်တစ်ခုကဖော်ပြပါတယ်။ ဒီပေးက ပီအက်စ်ဗွီကနေ ဆရာဟောင်း ဗန်ဟားလ်ရှိတဲ့ မန်ယူကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ရောက်ရှိလာပြီးနောက်မှာ စီရိုနယ်လ်ဒိုလက်သစ်ဖြစ်လာနိုင်မယ်လို့ ထင်ကြေးပေးခံခဲ့ရပေမယ့် တကယ်တမ်းရာသီစချိန်မှာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ခဲ့ဘဲ နေရာပျောက်နေခဲ့ရသူပါ။

ဒီပေးက စည်းကမ်းလိုက်နာမှုပိုင်းမှာ အားနည်းတာကြောင့် ဗန်ဟားလ်က အိုးထရက်ဖို့ဒ်ရဲ့ စည်းကမ်းကို မလိုက်နာနိုင်ရင် မန်ယူနဲ့ အနာဂတ်ဆိုတာလည်း ဆက်ရှိမှာ မဟုတ်ဘူးလို့ သတိပေးစကားပြောကြားခံခဲ့ရတာဖြစ်ပါတယ်။အဲဒီနောက် မန်ယူက တောင်ပံတိုက်စစ်နေရာမှာ မာတာနဲ့ မာရှယ်လ်တို့ကိုသာ ဦးစားပေးအနေနဲ့ ပွဲထုတ်နေတာကြောင့် ဒီပေးဟာ ခြေစွမ်းကောင်းပေမယ့် မန်ယူမှာနေရာပျောက်ခဲ့တာပါ။ ရီးယဲလ်ကလည်း တောင်ပံတိုက်စစ်နေရာမှာ ကစားနိုင်မယ့် ကစားသမားကောင်းတွေအများကြီးရှိပေမယ့် ဒီပေးတို့လို ငယ်ရွယ်ပြီးခြေစွမ်းတက်ရိပ်ရှိနေတဲ့ ကစားသမားလေးတွေကို ခေါ်ယူဖို့ ကြံနေတာဖြစ်ပါတယ်။

ရီးယဲလ်က အရင်ကတည်းက မန်ယူနဲ့ အဆင် မပြေဖြစ်ခဲ့တဲ့ ဘက်ခမ်းကို ခေါ်ယူခဲ့သလို စီရိုနယ်လ်ဒိုကိုလည်း ခေါ်ယူဖူးတာကြောင့် ရီးယဲလ်နည်းပြတွေဟာ မန်ယူကစားသမားတွေကို ပိုပြီး မျက်စိကျသလားဆိုတာ အထင်ရောက်စရာပါ။ ၂၀၀၃ မှာ မန်ယူနည်းပြဖာဂူဆန်ရဲ့ ဖိနပ်နဲ့ အပေါက်ခံရတာကြောင့် မန်ယူက ထွက်ဖို့ကြိုးပမ်းခဲ့တဲ့ ဘက်ခမ်းကို ဖာဂူဆန်က ဘာစီလိုနာကိုသာရောင်းချလိုခဲ့ပေမယ့် ရီးယဲလ်က ကြားဖြတ်ခေါ်ယူကာ အမေရိကနဲ့ အာရှဈေးကွက်ကိုထပ်ပြီး ဖြန့်ကြက်နိုင်ခဲ့ပါတယ်။ ဒီလိုပါပဲ မန်ယူမှာခြေစွမ်းပြကာ ဘောလုံးလောကရဲ့ နောက်ထပ်စံပြတစ်ဦးအဖြစ် ကျော်ကြားလာခဲ့တဲ့ စီရိုနယ်လ်ဒိုကိုလည်း အဲဒီအချိန်က ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ကျော်ပေးကာ ရီးယဲလ်ကအရခေါ်ယူခဲ့ပါတယ်။

ဒါပေမယ့် ဒီပေးဟာ ဘက်ခမ်း၊စီရိုနယ်လ်ဒိုတို့လို တစ်ဦးချင်းကျော်ကြားမှုမရှိသေးပေမယ့် သူ့ရဲ့အလွတ်တည်ကန်ဘောစွမ်းရည်၊ လျင်မြန်တဲ့ တောင်ပံတိုးအားတွေနဲ့ ကလပ်အသင်းကို ကောင်းကောင်း ထောက်ပံ့ပေးနိုင်တာကြောင့် ရီးယဲလ်က ဈေးနည်းနည်းနဲ့ ခေါ်ယူဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် မန်ယူအခက်၊ ရီးယဲလ်အချက်လားဆိုတာ စဉ်းစားစရာပါ။

ရှိုင်ယန်ဟောဒင်



# ဆိုစီဒက်အသင်းကို ရက်ပေါင်း ၃၆၄ ရက်သာ ကိုင်တွယ်ခွင့်ရခဲ့တဲ့ ဒေးဗစ်မိုယက်



နိုင်လင်းကြည်

စပိန်လာလီဂါပြိုင်ပွဲမှာ ရလဒ်တွေဆိုးရွားနေခဲ့တဲ့ ရီးယဲလ်ဆိုစီဒက်အသင်းဟာ ၎င်းတို့၏ အသင်းနည်းပြ ဒေးဗစ်မိုယက်ကို ရက်ပေါင်း ၃၆၄ ရက်ကြာတာဝန်ယူကိုင်တွယ်စေခဲ့ပြီးချိန်မှာ အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပါပြီ။

အသက်(၅၂)နှစ်အရွယ် နည်းပြဒေးဗစ်မိုယက်ဟာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ ရီးယဲလ်ဆိုစီဒက်အသင်းကို နည်းပြအဖြစ် စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး ဒေးဗစ်မိုယက်ရောက်လာခဲ့တဲ့နှစ်မှာ ရီးယဲလ်ဆိုစီဒက်ဟာ လာလီဂါအမှတ်ပေးဇယားမှာ အဆင့်(၁၂)နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

လက်ရှိမှာတော့ ရီးယဲလ်ဆိုစီဒက်အသင်းဟာ ဂိုးကွာခြားချက်တစ်ခုကြောင့်သာ တန်းဆင်းဇုန်ကနေ လွတ်မြောက်နေတဲ့အသင်းလည်းဖြစ်တယ်။ ၁၁ ပွဲကစားပြီးချိန်မှာ ရမှတ်က ကိုးမှတ်ပဲရရှိထားသေးတယ်။ ဒါကြောင့် ရီးယဲလ်ဆိုစီဒက်အသင်းအနေနဲ့ နည်းပြဒေးဗစ်မိုယက်ရဲ့ စာချုပ်ကို ဖျက်သိမ်းကာ အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

ရီးယဲလ်ဆိုစီဒက်အသင်းဟာ ဒေးဗစ်မိုယက်ကိုထုတ်ပယ်ခဲ့တဲ့အပြင် လက်ထောက်နည်းပြဖြစ်တဲ့ မက်ကင်လေကိုပါ ထုတ်ပယ်ခဲ့တာပါ။ လက်ရှိအချိန်မှာတော့ နည်းပြလက်မဲ့မဖြစ်စေရေး အလေးပေးကာ ဘာစီလိုနာအသင်းရဲ့ လက်ထောက်နည်းပြတစ်ဦးဖြစ်တဲ့ ဆာခရစ္စတန်ကို အစားထိုးခန့်အပ်ထားခဲ့ပါတယ်။ ရီးယဲလ်ဆိုစီဒက် အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရတဲ့ ဆာခရစ္စတန်ဟာ ၂၀၁၇ ခုနှစ် ဇွန်လအထိရှိနေမယ့် စာချုပ်တစ်ရပ်ကိုလည်း ချုပ်ဆိုထားခဲ့ပါတယ်။

အခု လာလီဂါအမှတ်ပေးဇယားမှာ အဆင့်(၁၆)နေရာကို ရောက်နေတဲ့အပြင် လာမယ့်လာလီဂါနှစ်ပွဲကလည်း ရီးယဲလ်ဆိုစီဒက်အသင်းအတွက် အနိုင်ရဖို့ခက်ခဲမယ့် ပွဲစဉ်နှစ်ပွဲဖြစ်နေတယ်။ တစ်ပွဲက ယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းနဲ့ ကစားရမယ်။ နောက်တစ်ပွဲက ချန်ပီယံလိဂ်ချန်ပီယံ ဘာစီလိုနာအသင်းနဲ့ ကစားရမှာဖြစ်တယ်။

နည်းပြဒေးဗစ်မိုယက်ဟာ မန်ယူအသင်းကို ၁၀ လကြာ ကိုင်တွယ်ခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီလမှာ မန်ယူအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသူပါ။ ဒေးဗစ်မိုယက်အနေနဲ့ အဲဗာတန်အသင်းမှာ ၁၁ နှစ်ကြာ ကိုင်တွယ်ခဲ့စဉ်က အောင်မြင်မှုရရှိခဲ့ပေမယ့် မန်ယူအသင်းမှာ နည်းပြဖာဂူဆန်အနားယူသွားခဲ့ခြင်းကြောင့် မန်ယူအသင်းနည်းပြအဖြစ် ပြောင်းလဲကိုင်တွယ်ခဲ့ချိန်မှ စတင်ကာ နာမည်ပျက်ခဲ့ရတယ်လို့ ဆိုရမှာပါ။

ဒေးဗစ်မိုယက်ရဲ့ နည်းပြဘဝဖြတ်သန်းမှုကို ပြန်ကြည့်မယ်ဆိုရင် ၄၂ ဒသမ ၀၈ ရာခိုင်နှုန်းအထိ နိုင်ပွဲရရှိထားခဲ့တာကို တွေ့ရမှာပါ။ ဒေးဗစ်မိုယက်ဟာ ပရက်စတန်အသင်း၊ အဲဗာတန်အသင်း၊ မန်ယူအသင်းနဲ့ ရီးယဲလ်ဆိုစီဒက်အသင်း စတဲ့အသင်းတွေကို ကိုင်တွယ်ခဲ့တာဖြစ်ပြီး အဲဒီလေးသင်းမှာ ပွဲစဉ်စုစုပေါင်း ၈၄၀ တာဝန်ယူကိုင်တွယ်ခဲ့ကာ နိုင်ပွဲ ၃၆၈ ပွဲနဲ့ ရှုံးပွဲ ၂၅၂ ပွဲအထိ ရှိခဲ့ပါတယ်။

ဒေးဗစ်မိုယက်ဟာ အဲဗာတန်အသင်းမှာ ပွဲပေါင်း ၅၁၃ ပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး နိုင်ပွဲ ၂၁၆ ပွဲနဲ့ ရှုံးပွဲ ၁၅၉ ပွဲအထိ ရှိခဲ့ပါတယ်။ မန်ယူအသင်းမှာတော့ ၅၁ ပွဲကိုင်တွယ်ခဲ့ရာမှာ နိုင်ပွဲ ၂၇ ပွဲနဲ့ ရှုံးပွဲ ၁၅ ပွဲအထိရှိခဲ့ပါတယ်။ ဒါကြောင့် မန်ယူအသင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့တာဖြစ်ပြီး ရီးယဲလ်ဆိုစီဒက်ကလည်း နည်းပြလက်မဲ့ဖြစ်နေခဲ့လို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာမှာ အသင်းရဲ့လေးဦးမြောက် ဗြိတိန်နည်းပြတစ်ဦးကို ခေါ်ယူခန့်အပ်ခဲ့တာဖြစ်ပါတယ်။


အဲဒီနည်းပြတွေကတော့ ဒေးဗစ်မိုယက်၊ ဟယ်ရီလိုး၊ ဂျွန်တိုရှက်နဲ့ ခရစ်ကိုးလ်မန်းတို့ပဲဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်ဆိုစီဒက်အသင်းအနေနဲ့ လေးဦးမြောက်ဗြိတိန်နည်းပြဖြစ်တဲ့ ဒေးဗစ်မိုယက်ကို တစ်နှစ်ကြာကိုင်တွယ်စေခဲ့ပြီး လက်ရှိမှာတော့ အသင်းနည်းပြအဖြစ်မှ တရားဝင်ထုတ်ပယ်ခဲ့ပါပြီ။

## ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ပယက် ဒူးဒဏ်ရာကြောင့် သုံးလကြာအနားယူရမည်

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းမှ ကွင်းလယ်ကစားသမား ပယက်သည် ဒူးဒဏ်ရာပြဿနာကြောင့် သုံးလကြာအနားယူရမည်ဖြစ်သည်။

ပြင်သစ်ကွင်းလယ်ကစားသမား ပယက်သည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မာဆေးလ်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၀ ဒသမ ၇ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ဝက်စ်အသင်းအတွက်လည်း အကောင်းဆုံးရလဒ်ထွက်ပေါ်အောင် ကစားပေးနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ဝက်စ်ဟမ်းအသင်းနှင့် အဲဗာတန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကွင်းလယ်ကစားသမားပယက်သည် ဝက်စ်ဟမ်းအသင်းအတွက် ၁၄ ပွဲ ဝင်ရောက်ကစားပေးထားကာ သွင်းဂိုး ငါးဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။ **(ငွေကြယ်)**



## ဘိုင်ယန်နှင့် ဂွါဒီယိုလာ လမ်းခွဲသင့်ဟု ဝီလီဆာနိုလ်ပြောကြား

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာအနေဖြင့် လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲကာ မန်စီးတီးအသင်းကို ပြောင်းလဲကိုင်တွယ်သင့်ကြောင်း ဘော်ဒိုးအသင်းနည်းပြ ဝီလီဆာနိုလ်က ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ၂၀၁၃ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် စတင်ကိုင်တွယ်ခဲ့သူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါဖလားကို ရယူဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ဂျာမန်ပိုကယ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလား၊ ကလပ်အသင်းများကမ္ဘာ့ဖလားတို့ကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့သည်။

သို့ရာတွင် ဘော်ဒိုးအသင်းနည်းပြ ဝီလီဆာနိုလ်ကမူ နည်းပြဂွါဒီယိုလာအား မန်စီးတီးအသင်းနှင့်အတူ ခြေလှမ်းသစ်တစ်ရပ်ကို စတင်သင့်ကြောင်းနှင့် ဂွါဒီယိုလာ၏ ဘိုင်ယန်မြူးနစ်အသင်းနှင့် ချုပ်ဆိုထားခဲ့သည့် သုံးနှစ်စာချုပ်သက်တမ်းသည်လည်း လာမည့်ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်ရာ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသို့ ပြောင်းလဲကိုင်တွယ်သင့်ကြောင်း အကြံပြုခဲ့သည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာအား မန်စီးတီးအသင်းပါအဝင် ချယ်လ်ဆီးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

## မာကိုရူးစ်အားခေါ်ယူရန်နီးစပ်နေသည့် လီဗာပူး



ဒေါ့မွန်တောင်ပံ တိုက်စစ်မှူး မာကိုရူးစ်အား ရီးယဲလ်၊ မန်ယူ၊ အာဆင်နယ်နှင့် လီဗာပူးတို့က ခေါ်ယူရန် ချဉ်းကပ်နေသော်လည်း လီဗာပူးသို့သာပြောင်းရွှေ့ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ ရူးစ်သည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ရီးယဲလ်သို့ပြောင်းရွှေ့ရန် နီးစပ်ခဲ့သေးသော်လည်း ယခု လီဗာပူးနည်းပြ ဂျာဂင်ကလော့က ဒေါ့မွန်အသင်းတွင် ဆက်နေရန် ဖျောင်းဖျခဲ့သဖြင့် မထွက်ခွာဖြစ်ခဲ့ခြင်းဖြစ်သည်။

ယခုလည်း သူ့အားခေါ်ယူလိုသည့် အသင်းမြောက်မြားစွာရှိသော်လည်း ဆရာဟောင်းဖြစ်သူ ကလော့ရှိရာ လီဗာပူးကိုသာ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်။ ကလော့က လာမည့် ဇန်နဝါရီဈေးကွက်တွင် ရူးစ်အား မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူရန် ပြင်ဆင်နေပြီး အနည်းဆုံးယူရိုသန်း ၆၀ နီးပါးခန့် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(မေလွဲ့သင်း)**



# တေးအယ်လ်ဘမ်သစ်အတွက်ပြင်ဆင်နေတဲ့ ဇန်ဒရာ

ဟောလိဝုဒ်ရဲ့ အနုပညာလောကမှာ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ မော်လ်ဒယ်အဖြစ်ကျော်ကြားနေတဲ့ ဇန်ဒရာဟာ လတ်တလောမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်တစ်ခုကို ထုတ်လုပ်ဖြန့်ချိသွားရန်ပြင်ဆင်နေပြီး နိုဝင်ဘာ ၈ရက်(တနင်္ဂနွေနေ့)က ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတစ်ပုဒ်ရဲ့ တစ်စိတ်တစ်ပိုင်းကို အွန်လိုင်းမှ တစ်ဆင့် ဆယ်စက္ကန့်မျှ အမြည်းအနေနဲ့ ထုတ်လွှင့်ခဲ့ပါတယ်။

ယင်းတေးသီချင်းဟာ အာရမ်ဘီတေးအမျိုးအစားဖြစ်ကာ သီချင်းရဲ့နောက်ခံတီးလုံးမှာ နာမည်ကျော်တေးထုတ်လုပ်သူ တင်းဘားလန်း၏အကြိုက်တီးလုံးဖြစ်ပါတယ်။

ယင်းတေးအယ်လ်ဘမ်သစ်နှင့်ပတ်သက်၍ ဇန်ဒရာက "ဒီတေးအယ်လ်ဘမ်ဟာ အာရမ်ဘီတေးဂီတအမျိုးအစားအတွက် လှုပ်ခတ်သွားနိုင်မယ့် ဖန်တီးမှုအသစ်တစ်ခုဖြစ်လာပါလိမ့်မယ်"လို့ အမ်တီဗွီနယူးစ်ကို ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်နှစ်ပတ်ခန့်အကြာက ဇန်ဒရာဟာ ဒူဘိုင်းရဲ့ ရေဒီယိုအစီအစဉ်တစ်ခုမှာ ပါဝင်တင်ဆက်ခဲ့ပြီး သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့်သီချင်းသစ် "Close Up"ကို အမြည်းထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်းကိုလည်း တင်းဘားလန်းကပဲ ထုတ်လုပ်ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း ဇန်ဒရာက ဆိုခဲ့ပါတယ်။

ယခုထုတ်လုပ်မယ့်တေးအယ်လ်ဘမ်ဟာ ဇန်ဒရာရဲ့ လေးခုမြောက်တေးအယ်လ်ဘမ်ဖြစ်ကာ လာမယ့် ၂၀၁၆ခုနှစ်အစမှာ အပြီးသတ်ထုတ်လုပ်ဖြန့်ချိသွားနိုင်ရန်စီစဉ်ထားကြောင်းလည်း ဇန်ဒရာက ပြောကြားခဲ့ပါတယ်။

# စီရိုနယ်လ်ဒို၏ရုပ်ရှင်ကို လန်ဒန်တွင် မိတ်ဆက်ပြသ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ ယခုနှစ်အတွက် အကောင်းဆုံးသော ဘောလုံးကစားသမားဆုကို ရရှိထားသည့် ခရစ္စတီရာနိုရိုနယ်လ်ဒိုသည် နိုဝင်ဘာ ၉ ရက် (တနင်္လာနေ့)က လန်ဒန်၌ ပြုလုပ်ခဲ့သည့် သူ၏ရုပ်ရှင် "Ronaldo" မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါရုပ်ရှင်သည် ရိုနယ်လ်ဒို၏ အကြောင်းကို ရိုက်ကူးထားသည့် ရုပ်ရှင်ဖြစ်ကာ ရိုနယ်လ်ဒိုကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားသည်။ ယင်းရုပ်ရှင်တွင် ရိုနယ်လ်ဒိုနှင့် သူ၏သားဖြစ်သူတို့၏ ပျော်ရွှင်ဖွယ်အချိန်များက အမှတ်တရ ပုံရိပ်များကိုလည်း ရှုမြင်ခံစားကြရမည်ဖြစ်သည်။

ယင်းရုပ်ရှင်နှင့် ပတ်သက်၍ ရိုက်တာသတင်းဌာနက မေးမြန်းမှုအပေါ် ရိုနယ်လ်ဒိုက "ကျွန်တော့အကြောင်းကို ဂဃနဏသိပြီးတဲ့သူတွေအတွက်တော့ ဒီရုပ်ရှင်ဟာ ထူးခြားမှာမဟုတ်ပါဘူး"ဟု ဖြေကြားခဲ့သည်။



ရိုနယ်လ်ဒို၏ကိုယ်စားလှယ်ဖြစ်သူ ဂျော့ဂျ်မန်းဒက်စ်က "ယခုရုပ်ရှင်မှာတော့ ရိုနယ်လ်ဒိုရဲ့ တကယ့်ဘဝအစစ်အမှန်ကို တွေ့မြင်ကြရမှာပါ" ဟု ပြောကြားခဲ့သည်။

"Ronaldo"ရုပ်ရှင်ပြပွဲ အခမ်းအနားသို့ ဘောလုံးအားကစားလောကမှ နာမည်ကျော်များဖြစ်ကြသည့် မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာဟောင်း ဖာဂူဆန်နှင့် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုတို့လည်း တက်ရောက် အားပေးခဲ့ကြသည်။

## တေးသီချင်းသစ်နှစ်ပုဒ်ကို ထုတ်လွှင့်လိုက်တဲ့ ဂျက်စတင်ဘီဘာ

အဆိုတော် ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "Purpose"မှ တေးသီချင်းသစ်နှစ်ပုဒ်ကို နိုဝင်ဘာ ၉ ရက်က အွန်လိုင်းကနေတစ်ဆင့် ထုတ်လွှင့်ခဲ့ပါတယ်။

ဂျက်စတင်ထုတ်လွှင့်ခဲ့တဲ့သီချင်းတွေကတော့ "The Feeling" နဲ့ "Love Yourself "တို့ပဲဖြစ်ပါတယ်။ ယင်းတေးသီချင်း နှစ်ပုဒ်အနက် "Love Yourself"တေးသီချင်းကို ဂျက်စတင်နဲ့အတူ အမေရိကန်ပေါ့ပ်အဆိုတော် အက်ဒ်ရှီးရန် ပါဝင်ကူညီရေးသားပေးခဲ့တာပါ။

ဂျက်စတင်ဘီဘာက တေးအယ်လ်ဘမ်မှာ သူ့ရဲ့အချစ်ဟောင်း ဆယ်လီနာဂိုမက်ဇ် အကြောင်းရေးသားထားတဲ့တေးသီချင်းသုံးပုဒ်လည်းပါဝင်တယ်လို့ မကြာသေးမီက ပြောကြားခဲ့ပြီး တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကို နိုဝင်ဘာ ၁၃ ရက်မှာ အပြီးသတ်ထုတ်လွှင့်သွားမှာပါ။

အေးပြည့် - ရေးသားသည်

# ဇနီးဖြစ်သူအား စချစ်မိပုံကို ဖွင့်ဟလာတဲ့ ဂျီဂျင်ဟေး

တောင်ကိုရီးယားမင်းသားချော ဂျီဂျင်ဟေးက သူ၏ဇနီးဖြစ်သူ မင်းသမီး လီဆိုးယွန်အား စတင်တွေ့ဆုံခဲ့ပုံနှင့် မြင်မြင်ချင်းပင် ချစ်မိသွားကြောင်းကို နိုဝင်ဘာ ၉ရက်က စွန်ပီဒေါ့ကွန်းသို့ ဖွင့်ဟခဲ့သည်။



မင်းသားက သူ့အနေဖြင့် မင်းသားတစ်ဦးအဖြစ်မအောင်မြင်မီကပင် လီဆိုးယွန်အား ချစ်မိနေကြောင်းလည်း ဆိုခဲ့သည်။

ဂျီဂျင်ဟေးသည် မင်းသားမဖြစ်မီက ဓာတ်ပုံဆရာတစ်ဦးအဖြစ် အသက်မွေးခဲ့ပြီး တစ်နေ့တွင် လီဆိုးယွန်က သူ၏ဓာတ်ပုံစတူဒီယိုခန်းမသို့ ဘွဲ့ဓာတ်ပုံရိုက်ကူးရန် ရောက်ရှိလာခဲ့စဉ် မင်းသမီးကို မြင်မြင်ချင်းပင် ချစ်ခင်စွဲလမ်းမိသွားသည်။ ထို့ကြောင့် မင်းသမီးအား သူ၏ဖုန်းနံပါတ်ကိုပေးခဲ့ပြီး ယင်းနောက်တွင် သူတို့နှစ်ဦး၏ ချစ်ဇာတ်လမ်းကို စတင်နိုင်ခဲ့သည်။

မင်းသားက "ကျွန်တော်တို့ လက်မထပ်ခင် ချစ်သူတွေအဖြစ် ခြောက်နှစ်ကြာလက်တွဲခဲ့ပါတယ်။ လက်ထပ်ခဲ့တာလည်း အခုဆို အိမ်ထောင်သက် ၁၂ နှစ်ကျော်ပါပြီ။ ဒါပေမယ့် အခုအချိန်အထိ ကျွန်တော့်မျက်လုံးထဲမှာတော့ ကျွန်တော့်ဇနီးဟာ တကယ်ကို လှပတဲ့အမျိုးသမီးတစ်ဦးဖြစ်နေဆဲပါပဲ"ဟု ပြောကြားခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁ - ၁၁ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)]

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၁၀ | ဟင်းချက်ရအောင် |
| ၁၁း၃၅ | MRTV-4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၁) |
| ၁း၀၀ | "ပဋ္ဌိစ္စသမုပ္ပါဒ်တရားနှင့်ဝိပဿနာအခြေခံသင်တန်း" (အပိုင်း-၂) တရားတော် [ဆရာတော် အရှင်ဝိသေဋ္ဌ (ဓမ္မာစရိယ)] |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇) |
| ၃း၅၀ | Cartoon Series (English Play ground) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈) |
| ၈း၁၀ | ရသစုံညွန့်တမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၃၂) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၂) |
| ၁၀း၀၀ | MRTV-4 Stage |
| ၁၀း၃၀ | World Of Knowledge (Built For The Kill : Grassland) |
| ၁း၀၀ | ဟင်းချက်ရအောင် |
| ၀၄း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (လေးဆူဓာတ်ပျော် ရွှေစံတော်စေတီတော်မြတ်ကြီး) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၀ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မှတ်တမ်း |
| ၆း၄၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | ဠဉဗ အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၅ | ဇာတ်လမ်းတို |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၀ | သူနှင့်သူ၏သီချင်းများ |
| ၉း၀၀ | စာပေအလင်းစာပေသတင်း |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၅ | ရှေးဟောင်းသုတ |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေ |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၈၉) |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebrities |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရာရာထက်မင်း အပိုင်း(၃၃) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း<br>အမျိုးသားရေးတေးကဗျာ<br>ဒို့တာဝန်အရေး(၃)ပါး<br>နိုင်ငံတကာသတင်း<br>မိုးလေဝသသတင်း<br>ရယ်စရာပျော်စရာဟာသကမ္ဘာ<br>ယနေ့ညအတွက်မြဝတီ၏<br>တေးလက်ဆောင်<br>မြဝတီရုပ်မြင်သံကြားသတင်း<br>ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>မောင်မောင့်ချစ်သူ<br>လေဒီဒီဗိုင်နာ<br>အပိုင်း(၂) |

## mitv

| | |
|---|---|
| 07:03 | News |
| 07:26 | "Chef Life "Myo Min Soe Oo" |
| 07:35 | "One Heritage……One Festival |
| 07:53 | "Young Artist: Maw Thu Da Nu |
| 08:26 | "Local Tour Guide: Pho Khant |
| 08:39 | "Tazaungmone |
| 09:26 | "Director: Thiha Kyaw Soe |
| 09:39 | "Myanmar Traditional Bullock-Cart & Equestrian Racing |
| 09:50 | "Yangon Markets: Da Nyein Gone Market |
| 10:27 | "Fantastic Orchid Garden From The Flower City |
| 10:36 | "Htan Taw Drums (Part-I) "Osi" |
| 10:49 | "Mobile House |
| 07:03 | News |
| 07:24 | "A Journey To Southern Shan State (Ep-2) |
| 07:45 | "Moe Hnyin Than Buddhe", The Unique Pagoda In Monywa |
| 08:26 | "Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar |
| 08:41 | "Bollywood Actress "Laila Khan" (Born & Raised in Myanmar) (Part-I) |

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီး



**ကျောက်မဲ**

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၆ နာရီမှ စတင်ကာ မဲရုံများအား တစ်ချိန်တည်း ဖွင့်လှစ်ခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများမှ မိမိမဲဆန္ဒနယ်မြေအလိုက် အေးချမ်းစွာ မဲပေးခဲ့ကြကာ ညနေ ၄ နာရီတွင် မဲရုံများအားပိတ်သိမ်းကာ မဲစာရင်းများရေတွက်ခြင်း၊ စာရင်းပြုစုခြင်း၊ ပါတီအသီးသီးမှ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများ၏ ရရှိသော မဲစာရင်းများကို ကြေညာခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျောက်မဲမြို့နယ်တွင် မဲဆန္ဒနယ် နှစ်ခုရှိပြီး မဲဆန္ဒနယ် (၁)တွင် ကျောက်မဲမြို့ပေါ်(၉)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၃ ခုပါရှိကာ မံရုံပေါင်း ၄၅ ရုံရှိကြောင်း၊ မဲဆန္ဒနယ် (၂)တွင် ကျောက်မဲမြို့နယ်မှ ကျေးရွာအုပ်စု ၁၈ ခု၊ မိုင်းငေါ့မြို့မှ ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၁၁ ခု၊ မိုင်းလုံမြို့မှ ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၁၉ ခု ပါဝင်ကာ မဲရုံပေါင်း ၆၄ ရုံရှိကြောင်း သိရသည်။ စုစုပေါင်း မဲရုံ ၁၀၉ ရုံရှိပြီး၊ မဲပေးခွင့်ရှိသူ ၁၂၈၂၈၁ ဦး ရှိကာ ကျောက်မဲမြို့နယ်အနေဖြင့် မဲပေးသူမှာ ၆၇၂၄၉ ဦး ဖြစ်၍ ၅၂ ဒသမ ၄၂ ရာခိုင်နှုန်းရှိသည်။

ခရိုင်ချုပ်မှာ ၃၆၉၃၃၅ဦး ဖြစ်၍ စုစုပေါင်း မဲပေးသူမှာ ၂၂၇၆၁၇ ဦးဖြစ်ပြီး၊ ၆၁ ဒသမ ၆၃ ရာခိုင်နှုန်းရှိကာ ကျောက်မဲမြို့တွင် ဝင်ရောက်အရွေးခံသော ပါတီများမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ တအောင်း(ပလောင်)အမျိုးသားပါတီနှင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီတို့ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ဗမာ၊ ကချင်၊ လီဆူ စသော တိုင်းရင်းသားသုံးမျိုးရှိကြောင်း သိရသည်။

**မြင့်အောင်**

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့ နယ်ခွဲတွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီက မဲရုံအသီးသီးက Hand Speaker ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

မုံးကိုးမြို့တွင် ရွေးကောက်ပွဲသို့ နိုင်ငံရေးပါတီ ခုနစ်ပါတီမှ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့တွင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ မဲပေးနိုင်သည့် မဲဆန္ဒရှင် ဦးရေပေါင်း ၇၅၉၀ ရှိကာ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအုပ်စု ၂၁ အုပ်စုဖြင့် မဲရုံပေါင်း ၂၈ ရုံရှိသည်။

အဆိုပါမဲရုံများကို လွှတ်တော်ကိုယ်စားလှယ်အသီးသီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေငွေးနှင့်အဖွဲ့ဝင်များက အများပြည်သူဆန္ဒမဲပေး နေမှုအား လိုက်လံကြည့်ရှုခဲ့ကြသည်။

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများ၏ အဆင်ပြေအေးချမ်းပြီး၊ လွတ်လပ်စွာ လျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်ရလေအောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲ၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်လုံခြုံရေး၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ မဲရုံအသီးသီးတွင် လုံခြုံရေးစနစ်တကျဖြင့် အကာအကွယ်ပေးလျက်ရှိသည်။

အထွေထွေရွေးကောက်ပွဲ မဲရုံများတွင် တာဝန်ထမ်းဆောင်ရန်အတွက် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်အလိုက် ကြိုတင်မဲပေးခြင်းကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရှေ့မှောက်တွင် ကြိုတင်မဲလက်မှတ်များ ထုတ်ယူ၍ လျှို့ဝှက်မဲများ တံဆိပ်ရိုက်နှိပ်ကာ မဲပုံးအတွင်း ဆန္ဒမဲများ ထည့်သွင်းပေးခြင်း၊ လက်သန်းတွင် မင်တို့ခဲ့ကြရင်း မဲဆန္ဒရှင်ပြည်သူများက ဝမ်းသာနေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝန်းသို**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မဲဆန္ဒရှင်များပြည်သူများက နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက သက်ဆိုင်ရာမဲရုံအသီးသီးသို့ သွားရောက်ပြီး ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်အတွင်းရှိ မဲရုံအသီးသီးမှ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်တွင်သက်ဆိုင်ရာ လွှတ်တော်အသီးသီး၏ လုံခြုံရေးမဲပုံးများကို လုံခြုံရေးကြိုးများဖြင့် စနစ်တကျပိတ်ပြီး နံနက် ၆ နာရီက မဲရုံစတင်ဖွင့်လှစ်ကြောင်းကြေညာခဲ့ရာ မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးကြသည်။

မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံလုံခြုံရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များကလည်း မဲရုံများသို့ သွားရောက်ပြီး ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဝန်းသိုမြို့နယ်တွင် မဲဆန္ဒနယ်နှစ်ခုရှိရာ မဲဆန္ဒနယ်အမှတ် (၁)တွင် ဆန္ဒမဲပေးနိုင်သူ ၂၀၇၂၇ ဦး၊ မဲဆန္ဒနယ် အမှတ် (၂ )တွင် ဆန္ဒမဲပေးနိုင်သူ ၁၇၅၀၀ စုစုပေါင်း ၃၉၂၂၇ ဦး ရှိပြီး မဲရုံပေါင်း ၅၀ ရှိကြောင်းသိရသည်။

**စိုင်းလူမင်း**

**ကျိုက်ထို**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ နိုင်ငံတစ်ဝန်းကျင်းပရာ ကျိုက်ထိုမြို့နယ်တွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ကျင်းပခဲ့သလို ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

အထွေထွေရွေးကောက်ပွဲကျင်းပသည့် မဲရုံများတွင် ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ သတင်းမီဒီယာသမားများ လာရောက်ကြည့်ရှုလေ့လာ သတင်း ရယူကြသည်။

မဲပေးခွင့်ရှိ ပြည်သူများမှာ စနစ်တကျတန်းစီ၍ ပျော်ရွှင်စွာဖြင့် သတ်မှတ်စည်းကမ်းများကို လိုက်နာကာ အေးချမ်းတည်ငြိမ်စွာ မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာရွေးချယ်၍ ဆန္ဒမဲများပေးခဲ့ကြကြောင်းသိရသည်။

**ဝင်းမောင် (ကျိုက်ထို)**


## (၃၆)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဦးထွန်းလှအောင် (ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-မေမေ ဒေါ်တင်တင်အေးတို့၏ ၁၁-၁၁-၂၀၁၅ရက်တွင် ကျရောက်သော (၃၆)နှစ်မြောက် မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ ချစ်မြေးများ
ကိုနေလင်းအောင်-မတင်ဇာဇာမင်း
မြေး - မစုနှင်းလတ်၊ မောင်ဟိန်းဇေယျာထွန်း
ကိုကျော်သူထွန်း-မစုမြတ်ထွေး
မြေး - မောင်လင်းအောင်ကျော်ဗိုလ်၊ မောင်ကောင်းသက်ထူးဇော်
ကိုပြည့်ဖြိုးအောင်-မအေးချိုသရဖီကျော်
မြေး - မနှင်းဝတ်လွှာပြည့်မှူး
ကိုကျော်ဇင်ထွန်း-မဟိန်းထက်ထက်အောင်
မောင်အောင်ထက်သူ

## Happy Birthday

## "ဖေဖေ"

သားကို အရည်အချင်းရှိပြီး ကိုယ့်ဒူးကိုယ်ချွန်ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် သွန်သင်ဆုံးမပေးခဲ့တဲ့ အဖေ့ကို ၁၁-၁၁-၂၀၁၅ရက်မှာ ကျရောက်တဲ့ အဖေ့ရဲ့မွေးနေ့မှာ သား ရှိသေစွာနဲ့ ကန်တော့လိုက်ပါတယ် အဖေ -- အဖေချစ်တဲ့ အမေနဲ့အတူ ယခုထက်ပိုပြီး အမျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုး နိုင်ပါစေ---

**ချစ်သောသားကြီး-ကောင်းသန့်သက်စိုး@ဖိုးသား**




## Happy Birthday

## "ဦး"

တူ/တူမများအပေါ် ဖခင်ရင်းသဖွယ်မငြိုမငြင် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ပါသော ကျေးဇူးရှင် ဦး၏ ၁၁-၁၁-၂၀၁၅တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းရာကျော်တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနှင့် ချစ်သောမိသားစုနှင့်အတူ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးကို ယခုထက် ပိုမိုလုပ်ဆောင်နိုင်ပြီး အေးချမ်းသာယာမှုများနှင့် ပြည့်စုံသောဘဝကို ထာဝရလျှောက်လှမ်းပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---

ချစ်သော တူ/တူမများ
သားသား-စုစု၊ အောင်သက်ဦး-မီးမီး
ငြိမ်းချမ်း-ရည်မွန်၊ မွှေးမွှေး၊ ဂျဲဂျဲ ၊ ကဲကဲ၊ ကုကု၊ သုသု၊ တုံတုံ

ဖတ်စရာ

# သမိုင်းပေးတာဝန် ကျေကြပြီ

ခ ခင်မောင်ဌေး(ပညာရေး)

**နိုဝင်ဘာ ၈ ရက် နံနက်ခင်း...။**

သမိုင်းဝင်မည့် နိုဝင်ဘာနံနက်ခင်းဖြစ်၏။ နိုဝင်ဘာ ၇ ရက်ညကပင် အိပ်မပျော်နိုင်။ ဆန္ဒစောနေ၏။ နံနက်ခင်း စောစောထရန်ပင်ဖြစ်၏။ ငါးနှစ်တစ်ကြိမ်ရွေးချယ်ရမည့် အခါသမယဖြစ်သကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်သစ်၏ ဒုတိယသက်တမ်း လျှောက်လှမ်းရမည့်ခရီးအတွက် စိတ်အားတက်နေမိ၏။

နံနက် ၅ နာရီခန့်ကပင် အိပ်ရာမှနိုးနေသော်လည်း မိသားစုငါးဦးကိုပါ ဦးဆောင်ခေါ်သွားရန် လိုအပ်နေသည်။ စောင့်ခေါ်နေရ၏။ အချို့မှာ နိုင်ငံ့အခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးဖြစ်စဉ်များနှင့် ကင်းဝေးနေသူများ အဖို့ ယောင်ဝါးဝါးဖြစ်နေတတ်၏။ စင်စစ် ဤရွေးကောက်ပွဲကြီးတွင် မိမိတို့တစ်ဦးချင်းစီ၏ ဆန္ဒမဲများ အရေးကြီးလှပါသည်။ နိုင်ငံနှင့်လူမျိုးအတွက် မည်မျှထမ်းပိုးနိုင်ကြမည်၊ မည်သို့သောစွမ်းဆောင်ရည်များဖြင့် အားကိုးအားထား ပြုနိုင်မည် စသည်တို့ကို မှန်မှန်ကန်ကန်စဉ်းစား တွေးခေါ်၍ ရွေးချယ်နိုင်ကြမည့်အခွင့်အရေးပင်ဖြစ်သည်။

မဲရုံသို့ ၆ နာရီထိုးပြီးသည်နှင့် ရောက်သွား၏။ အားရစရာ မြင်ကွင်းများပင်။ အကြောင်းမူကား နံနက် ၅ နာရီမထိုးခင်ကပင် ကြိုတင်တန်းစီထားသော လူထုကြီးကိုတွေ့မြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲ မြင်ကွင်းနှင့်မတူ ခြားနားနေ၏။

**နိုင်ငံရေးအသိနိုးကြားလာခြင်း**

ပြည်သူလူထုသည် ဒီမိုကရေစီခေတ်တွင် ပွင့်လင်းမြင်သာမှုနှင့်အတူ နိုင်ငံရေးအသိအမြင်များ ပို၍တိုးပွားနေသည်ကို တွေ့ရ၏။ အဓိကကျသောနေရာမှ ပါဝင်နေသည်မှာ မီဒီယာများပင်ဖြစ်၏။ မီဒီယာများသည် မိမိတို့၏ စတုတ္ထမဏ္ဍိုင်တာဝန်ကို ကျေပွန်စွာထမ်းပိုးနေသည်ကို တွေ့ရ၏။

လစဉ်ထုတ်လွှင့်နေသော နိုင်ငံတော်သမ္မတ၏မိန့်ခွန်းများကို လူအများ နားထောင်ဖြစ်ကြ၏။ ပကတိဖြစ်ထွန်းပေါ်ပေါက်နေသော နိုင်ငံ့အခြေအနေအရပ်ရပ်ကို ဤမိန့်ခွန်းများတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

နေ့စဉ် အပတ်စဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းများသည် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးအခြေအနေများအပေါ်တွင် အများစု၏ မှန်မှန်ကန်ကန်ရှုမြင်သုံးသပ် ဖော်ပြချက်များကို နှိုင်းယှဉ်လေ့လာနိုင်ကြ၍ အတွေးအမြင် ပို၍မြင့်တက်လာစေနိုင်ပါသည်။ တတ်လာစေနိုင်ပါသည်။ ထို့အတူ နည်းပညာမြင့်တက်လာမှုကြောင့် လူထုအတွင်း လွယ်ကူလျင်မြန်စွာ ပျံ့နှံ့ရောက်ရှိသွားစေနိုင်ပါသည်။ အမှားအမှန်၊ အကျိုးအကြောင်း၊ အဆိုးအကောင်းကိုမူ မိမိတို့၏ ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ရန်သာ ဖြစ်၏။

**နိုင်ငံသားစိတ် တိုးတက်မြင့်မားလာခြင်း**

၂၀၁၅ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်အရ အပြောင်းအလဲဖော်ဆောင်နေသောကာလတွင် အရှိန်အဟုန်မြင့် ပိုမို၍ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံတော်နှင့် သက်ဆိုင်ရာပါတီစုံအဖွဲ့အစည်းများအနေဖြင့် ထွက်ပေါ်လာသည့်ရလဒ်အပေါ် တရားမျှတစွာ လက်ခံကျင့်သုံးရင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ရင်ကြားစေ့ဆောင်ရွက်ရေး ရည်မှန်းထားကြပြီးဖြစ်၏။

ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံသားတိုင်းက မိမိတို့၏ နိုင်ငံသားအခွင့်အရေးကို ပြည့်ဝစွာဆောင်ရွက်ကြရန် နှိုးဆော်ထားချက်များနှင့်အတူ ပြည်သူတစ်ရပ်လုံး၏ ရင်ထဲတွင်လည်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မိမိတို့တာဝန်ကို ကျေပွန်စွာဆောင်ရွက်ကြရန် အဓိဋ္ဌာန်ပြီးဖြစ်ကြပါသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ဤမျှစိတ်အားထက်သန်စွာ မရှိလှသော်လည်း ၂၀၁၅ ရွေးကောက်ပွဲကား အဘိုးကြီး၊ အဘွားကြီးများပင် နံနက်စောစော မဲရုံသို့ရောက်ရှိနေကြလေပြီ။

**လူမှုရေးအသိအမြင်တိုးပွားလာခြင်း**

နိုဝင်ဘာ ၈ ရက်တွင် မဲဆန္ဒရှင်များလွယ်လင့်တကူမဲပေးနိုင်ရန် ပလာဇာများ၊ ဈေးဝယ်စင်တာများအနေဖြင့် နေ့တစ်ပိုင်းပိတ်ပေးခြင်း၊ မ. ထ. သ ယာဉ်လိုင်းများ အလှည့်ကျထွက်ပေးခြင်း စသည်တို့သည် ဆန္ဒတူလူသားအချင်းချင်း လေးစားတန်ဖိုးထားခြင်း၊ နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်များကို မဆုံးရှုံးစေလိုခြင်း စသည့်လူမှုစိတ်များ ပိုမိုရှင်သန်လာသည်ကို တွေ့ရ၏။

ဆိုလိုသည်မှာ ပြည်သူတို့သည် ဒီမိုကရေစီနည်းအရ မိမိတို့တစ်ဦးချင်း၏ ဆန္ဒမဲလက်မှတ်များကို လွတ်လပ်စွာရွေးချယ်ခွင့်ရကြ၏။ တရားမျှတစွာထွက်ပေါ်လာသော ရလဒ်ကိုလည်း တည်ငြိမ်အေးဆေးစွာ လက်ခံကြရမည်ဖြစ်၏။ ယှဉ်ပြိုင်ခြင်းသည် အနိုင်၊ အရှုံး နှစ်မျိုးသာရှိ၏။ မည်သည့်အခြေအနေမျိုးပင်ဖြစ်စေ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းဖြင့် နိုင်ငံ့အရေး အလေးထားဆောင်ရွက်ကြရမည်သာဖြစ်၏။

သို့ဖြစ်၍ ပြည်သူပြည်သားများကား မိမိတို့၏ နိုင်ငံသားတာဝန်ကို အမျိုးသားရေးစိတ်ဖြင့် ကျေပွန်ခဲ့ကြပြီဖြစ်၏။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရှေ့လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ စီမံဆောင်ရွက်နိုင်ရေးကိုမူ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီအသီးသီးက ဝိုင်းဝန်းစောင့်ထိန်းဆောင်ကြဉ်းပေးရန်သာ ရှိပါတော့ကြောင်း။ ။

# မွန်ပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု များပြားလာ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ်သည် တောတောင်ရေမြေ သဘာဝအလှအပများနှင့် ရှေးဟောင်းဘုရားစေတီများ၊ ရှေးဟောင်းအမွေအနှစ်လက်ရာများ အထင်ကရနေရာများစသည်ဖြင့် များစွာတည်ရှိပြီး ပြည်တွင်းဘုရားဖူးဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ကာ လာရောက်လည်ပတ်လျက်ရှိသည်။ မွန်ပြည်နယ်အတွင်း လာရောက်လည်ပတ်သည့် ပြည်တွင်းဘုရားဖူးဧည့်သည်နှင့် ပြည်ပကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် အဓိကသွားရောက်သည့်နေရာမှာ ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီပင်ဖြစ်သည်။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီသို့ မွန်ပြည်နယ်ကျိုက်ထိုမြို့ ကင်မွန်းစခန်းမှတဆင့် ကျိုက်ထီးရိုးတောင်ပေါ်သို့ တောင်တက်မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ သာယာရှုမောဖွယ်ကောင်းသော တောင်တက်တောလမ်းခြေကျင်ခရီးဖြင့်လည်းကောင်း သွားရောက်နိုင်သည်။

ကျိုက်ထီးရိုးစေတီတည်ပုံမှာ ထူးခြားသောကြောင့် ကမ္ဘာ့အံ့ဖွယ်တစ်ခုအဖြစ် ထင်ရှားကာ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၃၆၁၅အမြင့် တောင်ပေါ်တွင်တည်ရှိသည်။ နှစ်စဉ် အောက်တိုဘာလမှ မေလအထိ ဘုရားဖူးဧည့်သည်နှင့် နိုင်ငံခြားသားဧည့်သည်များ အများဆုံးလာရောက်ကြပြီး ကျန်မိုးရာသီကာလတွင် ဧည့်သည်ဝင်ရောက်မှုနည်းပါးကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်းသို့ ယခုနှစ် အောက်တိုဘာလအထိ ဟိုတယ်၊ တည်းခိုရိပ်သာပေါင်း ၄၀ လုံးနှင့် အိပ်ခန်းပေါင်း ၁၄၁၃ ခန်းထိ တိုးတက်လာခဲ့ပြီး ထပ်မံ၍ ၂၀၁၆-၂၀၁၇ တွင် ဟိုတယ်၊ တည်းခိုရိပ်သာပေါင်း ၅၀၊ အခန်းပေါင်း ၁၇၅၀ ကျော်အထိ ဖြစ်လာမည်ဖြစ်သဖြင့် တစ်လလျှင် ပြည်တွင်း၊ ပြည်ပဧည့်သည် တစ်သိန်းခန့် လက်ခံနိုင်မည်ဖြစ်သည်။

မွန်ပြည်နယ်သို့ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၁၅၀၆၀နှင့် ၂၀၁၄ ခုနှစ်တွင် ၁၇၂၃၄၄ ဦး၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၁၆၃၁၄ ဦးလာရောက်ခဲ့ရာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း တွေ့ရှိရသည်။

မွန်ပြည်နယ်အတွင်း ဧည့်သည်ဝင်ရောက်မှုကို လေ့လာကြည့်ပါက မိုးရာသီအချိန်တွင် ဧည့်သည်ဝင်ရောက်မှု နည်းပါးသော်လည်း မိုးရာသီအကုန် အောက်တိုဘာလမှစတင်၍ မေလအထိ ဧည့်သည်ဝင်ရောက်မှု များပြားလျက်ရှိကြောင်း သိရသည်။

ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်ရန်အတွက် ပြည်နယ်အတွင်း ခရီးသွားမြှင့်တင်ရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ဓလေ့ထုံးတမ်းအစဉ်အလာများအား ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့်ဌာနများ၊ ဒေသခံလူမှုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ စသည်တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်ပြည်နယ်ရှိ ပြည်သူလူထုတို့၏ လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့ကို အလေးထားဆောင်ရွက်လျက် စည်းမျဉ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့ဒေသ သဘာဝပတ်ဝန်းကျင် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက် ရေရှည်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဟောက်ကျင်မုန်(ခရီးသွား)**

# မြစ်ငယ်မြို့အောင်ကပ်ကျော်ဘုရားသို့ အရှည်၁၀ပေ လုံးပတ် တစ်ပေခန့်ရှိသော မြွေကြီးတစ်ကောင်ရောက်ရှိ၊ လာရောက်ကြည့်ရှုသူ ဘုရားဖူးများဖြင့် စည်ကား

**မြစ်ငယ် နိုဝင်ဘာ ၁၀**

မြစ်ငယ်မြို့ အောင်ကပ်ကျော်ဘုရားတွင် မြွေကြီးတစ်ကောင်ရောက်ရှိလာ၍ လာရောက်ကြည့်ရှုသူများ၊ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ အရှည် ၁၀ ပေ၊ လုံးပတ် ၁ ပေခန့်ရှိသော မြွေကြီးကို အောင်ကပ်ကျော်ရပ်ကွက် ဦးခင်မောင်အေး-ဒေါ်ညွှန့် ညွှန့်နွယ်တို့အိမ်၌ နိုဝင်ဘာ ၃ ရက်ညပိုင်းက တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မြွေကိုစတင်တွေ့ရှိပြီးနောက် ပတ်ဝန်းကျင်ကို အကြောင်းကြားအသိပေးခဲ့ပြီး မြွေကြီးမှာ နတ်စင်ပေါ်တွင် ဝင်ရောက်ခွေနေသည်ကို မြင်တွေ့ရသည်။

မြွေကိုမကိုင်ရဲ မဖမ်းရဲသည့်အတွက် ပလိပ်မြွေဘုရားတွင် မြွေစာကျွေးခဲ့ဖူးသူတစ်ဦးကို အကူအညီတောင်းကာ အိတ်အတွင်းထည့်ခဲ့ကြောင်း သိရသည်။ ၎င်းမြွေကို မှတ်တမ်းဓာတ်ပုံများရိုက်ကူးကာ သွားလိုရာသွားနိုင်ရန် လွှတ်ပေးခဲ့ရာ မြစ်ငယ်မြို့ အောင်ကပ်ကျော်ဘုရားအတွင်းသို့ တန်းတန်းမတ်မတ်ဝင်သွားကာ ဘုရားဆင်းတုတော်နံဘေးတွင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရသည်။



အောင်ကပ်ကျော်ရပ်ကွက်မှာ အောင်ကပ်ကျော်ဘုရားတောင်ဘက်တွင်တည်ရှိသည်။ လက်ရှိကာလတွင် မြစ်ငယ်မြို့ အောင်ကပ်ကျော်ဘုရားတွင် မြွေကြီးကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ မြွေကြီးကိုကြည့်ရင်း ဘုရားဝေယျာဝစ္စပြုလုပ်နိုင်ရန် ငွေကြေးများလှူဒါန်းကြသည်။ ထိုအလှူငွေများဖြင့် မီးပြင်ခြင်းများနှင့် ဘုရားဝန်းအတွင်း ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိသည်။ မြစ်ငယ်မြို့ အောင်ကပ်ကျော်ရပ်ကွက်တွင် မြွေကိုကြည့်ရင်း ဘုရားဖူးလာရောက်သူများဖြင့် နေ့ညမပြတ်စည်ကားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ တရားမျှတမှုရှိကြောင်း ပြည်တွင်းလေ့လာစောင့်ကြည့်သူများ သုံးသပ်

**မန္တလေး နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၈ ရက်ကကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ မဲဆန္ဒပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက်စောစော မဲရုံမဖွင့်မီကပင် စိတ်ဝင်တစားလာရောက်ပြီး စနစ်တကျတန်းစီစောင့်ဆိုင်း၍ မဲပေးခဲ့ကြကြောင်း သိရသည်။

မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်များတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၁၁၀၁၂၂၅ ဦးအတွက် မဲရုံပေါင်း ၆၆၅ ရုံဖြင့် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်၍ လွတ်လပ်စွာမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ မြို့နယ်၊ ရပ်ကွက်အသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြောင်း အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းလှစိန်က ပြောသည်။

“ပထမဆုံးအကြိမ် မဲပေးခွင့်ရတဲ့အတွက် နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကျေပွန်သွားပြီလို့ ခံစားရပါတယ်။ အားကိုးယုံကြည်စွာနဲ့ ကျွန်တော်တို့ရွေးချယ်ပေးလိုက်တဲ့ ပါတီအနိုင်ရခဲ့ရင်လည်း နိုင်ငံရဲ့အကျိုးကို အမှန်တကယ်လုပ်ဆောင်ပေးဖို့ မျှော်လင့်ပါတယ်” ဟု ပြည်သူတစ်ဦးက ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် မဲရုံအမှတ်(၃)တွင် ဆန္ဒမဲလာရောက်ပေးနေသည့် အသက် ၇၈ နှစ်အရွယ် ဒေါ်စောမြတ်ကလည်း “မဲပေးရတာ အဆင်ပြေပါတယ်။ ဘယ်ပါတီရယ်လို့ မရည်ရွယ်ပါဘူး။ ပြည်သူတွေ စိတ်ချမ်းသာအောင်လုပ်ပေးနိုင်တဲ့သူကို မှန်းဆပြီး ရွေးချယ်ပေးခဲ့ပါတယ်။ ကိုယ့်အတွက် မျှော်လင့်ချက်မထားပေးမယ့် နောင်လာနောက်သားတွေ ကောင်းအောင်လုပ်ပေးနိုင်ရင် ကျေနပ်ပါပြီ။ အရင်က မဲနှစ်ကြိမ်ပေးဖူးပေမယ့်။ ဒီတစ်ကြိမ်ကတော့ အရင်ကထက်ပိုပြီး စိတ်ဝင်တစားနဲ့ လာရောက်မဲပေးကြတာကို တွေ့ရပါတယ်။ နိုင်ငံခေါင်းဆောင်ကောင်းတွေပေါ်လာပြီး တိုင်းပြည်ကြီးတိုးတက်ကောင်းမွန်ပါစေလို့ ဆုတောင်းပေးပါတယ်” ဟု ပြောသည်။

ယင်းပြင် မဲပေးရာတွင်လည်း အခက်အခဲမရှိ လွတ်လပ်စွာ မဲပေးခွင့်ရရှိသည့်အပြင် မီဒီယာများ၊ ပြည်တွင်း၊ ပြည်ပစောင့်ကြည့်လေ့လာသူများအတွက်လည်း ပွင့်လင်းမြင်သာမှုရှိစေရန် လွတ်လပ်စွာသတင်းယူခွင့်နှင့် လေ့လာစောင့်ကြည့်ခွင့်ပြုပေးထားသည်ကို တွေ့ရှိရကြောင်း ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ကိုပိုင်ဖြိုးသက်က ပြောသည်။

“ရွေးကောက်ပွဲမကျင်းပခင်ကတည်းက လေ့လာစောင့်ကြည့်မှုတွေလုပ်ခဲ့ပါတယ်။ ဒီနေ့ မဲပေးတဲ့နေ့မှာလည်း နံနက် ၆ နာရီကတည်းက မဲရုံခြောက်ရုံကို လိုက်ပြီးလေ့လာစောင့်ကြည့်ခဲ့တာ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ တရားမျှတမှုတွေရှိနေတာကို တွေ့မြင်နေရပါတယ်။ အခု ရွေးကောက်ပွဲရလဒ်ကိုလည်း တစ်ကမ္ဘာလုံးက အသိအမှတ်ပြုစေချင်ပါတယ်။ ရွေးကောက်ပွဲကထွက်ပေါ်လာတဲ့ ရလဒ်အတိုင်း အစိုးရသစ်ပေါ်ထွက်လာစေချင်ပါတယ်”ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၄၄၁၉၁၀၇ ဦးရှိပြီး မဲရုံပေါင်း ၅၃၈၄ ရုံတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂၉ ဦး၊ အမျိုးသားလွှတ်တော်နေရာ ၃၆ ဦး၊ တိုင်းဒေသကြီးလွှတ်တော်နေရာ ၂၂၉ ဦးနှင့် ရှမ်းတိုင်းရင်းသားရေးရာ လွှတ်တော်ကိုယ်စားလှယ်နေရာ ငါးဦး စုစုပေါင်း ၃၉၉ ဦးနှင့် ပါတီပေါင်း ၂၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းရွေးကောက်ပွဲသို့ ပြည်တွင်းမှ လာရောက်လေ့လာစောင့်ကြည့်သူ ၈၀၉ ဦး၊ ပြည်ပမှ လာရောက်လေ့လာသူ ၁၁၁၈ ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့လည်း လာရောက်ခဲ့ကြောင်း သိရသည်။ **တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆင်တစ်ထောင်ဝန်းရံကာပြုပြင်ခဲ့သည့် စစ်ကိုင်းမြို့မှ ထူးခြားသောစေတီအား လာရောက်ဖူးမြော်နိုင်



**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စိတ်ဝင်စားစရာနေရာများစွာရှိသည့် သမိုင်းဝင်သာသနာပြုရာနယ်မြေတစ်ခုကို ပြပါဆိုလျှင် စစ်ကိုင်းမြို့ကို ပြသရမည်ဖြစ်သည်။ စေတီပုထိုးများစွာ သမိုင်းဝင်နေရာများစွာနှင့်အတူ မြန်မာ့လက်မှုအနုပညာလုပ်ငန်းများစွာ တည်ရှိသောနေရာပင်ဖြစ်သည်။ စေတီတစ်ဆူ၏သမိုင်းများမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ အစဉ်အလာကိုထိန်းသိမ်းသည့် ယဉ်ကျေးမှုဓလေ့များနှင့် ချစ်စဖွယ်မြို့ကလေးပင်ဖြစ်သည်။ စစ်ကိုင်းမြေမှသည် သမိုင်းတွင်စေမည့် ဇာတ်လမ်းများစွာကိုပေါ်ထွက်စေခဲ့သောမြို့ပင်ဖြစ်သည်။

ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသော စစ်ကိုင်းမြို့တွင် ရှေးခေတ်ဘုရင်မင်းခေါင်လက်ထက်က စေတီပြုပြင်ရာတွင် ဆင်တော် ၁၀၀၀ ဝန်းရံကာပြုပြင်ခဲ့သည့် စေတီတစ်ဆူရှိသည်။ စေတီအရံတွင်လည်း ဆင်များစွာဝန်း ရံထားသည်ကို ဖူးမြော်နိုင်သည်။ ထိုစေတီ၏ ဘွဲ့အမည်မှာ ရတနာစေတီဆင်များရှင်ပင် ဖြစ်သည်။

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်သို့ရောက်သည်နှင့် ရတနာစေတီဆင်များရှင်ကို ထင်ရှားစွာ ဖူးမြင်ရသည်။ ကုန်းမြင့်ပေါ်တွင်တည်ထားသော စေတီဖြစ်ပြီး စေတီတည်ထားပုံမှာ ထူးခြားလှသည်။ စေတီတံတိုင်းတွင် ဆင်ရုပ်များပါရှိသည်။ တံတိုင်းတစ်မျက်နှာလျှင် ဆင်ရုပ် ၂၄ ရုပ်စီ ထောင့်လေးထောင့်တွင် ဆင်ရုပ်တစ်ရုပ်စီ ထည့်သွင်းထားသည့်အတွက် ထူးခြားစွာ ဆင်ရုပ် ၁၀၀ ဝန်းရံထားသည့်စေတီတစ်ဆူပင်ဖြစ်သည်။ စေတီ၏ အရှေ့ဘက်စောင်းတန်းအဝင်ဝတွင် ဆင်ရုပ်နှစ်ရုပ်နှင့် မြောက်ဘက်မုခ်တွင်လည်း ဆင်ရုပ်တစ်ရုပ် တည်ထားသည်။ ဒေသခံတို့၏ယုံကြည်မှုတွင် အင်္ဂါထောင့်မှဆင်ရုပ်သည် ရှေးအခါက ညဥ့်ယံအခါတွင် အသက်ဝင်ကြောင်း ယုံကြည်ခဲ့ကြသည်။

ဆင်များရှင်စေတီတော်ကို မိုးညှင်းမင်းတရားလက်ထက် သက္ကရာဇ် ၇၉၂ တွင် ဓာတ်တော်ငါးဆူနှင့်အတူ ရတနာများဌာပနာကာ တပေါင်းလပြည့်နေ့တွင် မိုးညှင်းမင်းတရားကြီး တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။ မူလက ရတနာစေတီဟုတွင်ခဲ့သည်။ နောက်ပိုင်းတွင် ငလျင်ဒဏ်သင့်ကာ ပျက်စီးမှုကို အင်းဝဘုရင် ဒုတိယမင်းခေါင်က မယ်တော်အမိတ္တာသီရိနှင့်အတူ သက္ကရာဇ် ၈၄၇ တွင် ပြုပြင်ခဲ့သည်။ ဘုရင်မင်းခေါင်မှ စေတီတော်ပြုပြင်ရာတွင် ထူးခြားစွာ ဆင်တော်တစ်ထောင်ဝန်းရံကာ ပြုပြင်ခြင်း၊ စေတီအရံတွင် ဆင်များစွာရံထားခြင်းကို အစွဲပြုကာ နောင်ကာလတွင် ဆင်များရှင်ဟု ခေါ်တွင်ခဲ့သည်။ သက္ကရာဇ် ၁၃၄၀ တွင်လည်း ငလျင်ဒဏ်သင့်သည့်စေတီကို လေးကျွန်းမြေအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တသာဂရဦးဆောင်ကာ ပြုပြင်ခဲ့ကြောင်း သိရသည်။

ယခုအခါ သမိုင်းဝင် ရတနာစေတီဆင်များရှင်အား မြတ်စွာဘုရား ရဟန်းတော်များ ဆွမ်းခံကြွနေဟန်ရုပ်တုများစွာဖြင့် ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။ စစ်ကိုင်းမြို့တွင် ရတနာစေတီ ဆင်များရှင်သည် ဆင်ရုပ်အသက်ဝင်တတ်ခြင်းဆိုသော ယုံကြည်မှုများနှင့် ထင်ရှားသော သမိုင်းဝင်စေတီအဖြစ် ဖူးတွေ့နိုင်ကြောင်း သိရသည်။ **တိမ်တမန်**

## ဖခင်၏မဲဆန္ဒရှင်သက်သေခံလက်မှတ်ဖြင့်မဲဆန္ဒပေးခဲ့သူအရေးယူ

**မန္တလေး နိုဝင်ဘာ ၁၀**

ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် အ. လ. က (၁၈)တွင် ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၃)တွင် နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက မဲဆန္ဒရှင်သက်သေခံလက်မှတ်အစဉ် (၂၁၉၇) အမည်ပါ ဦးအာနန်း(ခ)ကျင်ပိန်နန်း၏ သက်သေခံလက်မှတ်ကိုင်ဆောင်၍ ၎င်း၏သားဖြစ်သူ ကိုခင်မောင်မြင့်(ခ)ဂျစ်ဝမ်း(၃၆)နှစ် အကွက်(၄၆၀)သာယာရွှေကူရပ် သံလျက်မော်တောင်ရပ်ကွက်နေသူမှဆန္ဒမဲလာရောက်ထည့်ပေးခဲ့သည်။

ဖြစ်စဉ်မှာဆန္ဒမဲလာရောက်ပေးသည့် ကိုခင်မောင်မြင့်၏ ဖခင်မှာနိုဝင်ဘာ ၈ ရက် နံနက်က နေအိမ်တွင်နှလုံးရောဂါအခံရှိသဖြင့် သားဖြစ်သူခင်မောင်မြင့်အား မဲထည့်လိုကသွားထည့်ရန် ပြော၍လာရောက်ထည့်ခြင်းဖြစ်ပြီးပြည်သူ့လွှတ်တော်ဆန္ဒမဲပုံးတွင် ဆန္ဒပြုပြီးစဉ်မဲရုံတာဝန်ကျများမှစိစစ်၍မဲရုံရှိအထူးရဲကိုကျော်အောင်နှင့်မဲရုံအနီးလှည့်ကင်းတာဝန် ဆောင်ရွက်နေသည့်ရဲအုပ်ဝင်းလှိုင်နှင့်အဖွဲ့ထံလွှဲပြောင်းပေးခဲ့သည်။ မဲရုံအမှတ်(၃)မဲရုံမှူးဒေါ်နှင်းငယ်ထွေးကတိုင်တန်း၍ကိုခင်မောင်မြင့်(ခ)ဂျစ်ဝမ်းအားချမ်းမြသာစည်မြို့မရဲစခန်းက(ပ)၄၁၃/၂၀၁၅ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေပုဒ်မ၅၉(ဇ) အရအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအုပ်စု အင်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းကြိုရင်သွေးငယ်လေးများအတွက် ပြုစုပျိုးထောင်ရေးကျောင်းကို နိုဝင်ဘာ ၈ ရက်က ဆောက်လုပ်ပြီးစီးသွားရာ မကြာမီ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - နီတိုး

## မြင်းမူမြို့မဈေး ဝဲ/ယာ ထိုင်ရောင်းနေသော ဈေးသည်များကြောင့် ဈေးဝယ်များသွားလာရေးအခက်အခဲရှိ

**မြင်းမူ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်း မြင်းမူမြို့မဈေးတွင် စစ်ကိုင်းမြို့နယ် အစွန်ဖျားရှိကျေးရွာများ၊ ငါန်းဇွန်မြို့နယ်ထဲရှိ ကျေးရွာများ၊ မြောင်မြို့နယ်ထဲရှိကျေးရွာများမှ ဈေးရောင်းဈေးဝယ်လာကြရာ ယင်းဈေးတွင်ရောင်းချနေသော ထိုင်ရောင်းဈေးသည်များကြောင့် ဈေးဝယ်လာသူများ သွားလာရေးခက်ခဲနေကြောင်း ဈေးဝယ်လာသူများက ပြောသည်။

မြို့မဈေးကြီးအတွင်းထဲ တောင်၊ မြောက် မျက်နှာချင်းဆိုင် ဆိုင်ခန်းများမှ လမ်းပေါ်ထိ ပစ္စည်းများ၊ ထိုင်ခုံများချထားသဖြင့် ဈေးဝယ်များ မျက်နှာချင်းဆိုင်ရှောင်ရာတွင် ခန္ဓာကိုယ်ဘေးတစောင်း ရှောင်ရခြင်း၊ မြို့မဈေးအနောက်ဘက်တန်း၊ မြောက်ဘက်ပေါက်ထဲ လမ်းဘေးဝဲ၊ ယာရှိ အသီးအရွက်ထိုင်ရောင်းချနေသောသူများကြောင့် လမ်းကျဉ်းမြောင်းပြီး မျက်နှာချင်းဆိုင်ရှောင်ရာတွင် ခန္ဓာကိုယ်ဘေးတစောင်းအနေထားဖြင့် ရှောင်တိမ်းနေရကြောင်း၊ နောက်ဈေးအရှေ့ဘက်တန်း မြောက်ဘက်ပေါက်တွင် ပစ္စည်းများထားသောကြောင့် ဈေးအတွင်းကလူ အပြင်အထွက်နှင့် ဈေးအတွင်းဝင်မည့်သူ ရှောင်တိမ်းရာတွင်လည်း ဘေးတစောင်းထိလုမတတ် ရှောင်နေရကြောင်း၊ ဈေးအတွင်း ထီးတိုင်အခြေများမှာလည်း လမ်းလယ်ကောင်ထိ ရောက်နေ၍ သွားလာသူများ ခလုတ်ဝင်၍တိုက်မိကြောင်း ဈေးဝယ်သူများက ပြောသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ဌာနအနေဖြင့် ၎င်းကိစ္စများကို အမြန်ဆုံးကိုင်တွယ်ဖြေရှင်းပေးရန် ဈေးဝယ်လာသူများ လိုလားလျက်ရှိကြောင်း သိရသည်။ **(၆၂၄)**

# ချိုင့်ခွက်ထဲရှိ လူနေအိမ်လေးလုံး မိုးရေများအောင်းနေသောကြောင့် သွေးလွန်တုပ်ကွေးအန္တရာယ် စိုးရိမ်ရ



**မြင်းမူ နိုဝင်ဘာ ၁၀**

မြင်းမူမြို့ မင်းရဲကျော်စွာရပ် သစ္စာလမ်းဘေးရှိ နေအိမ်လေးလုံးနှင့် ဝိုင်းလပ်တစ်ခုသည် ဒယ်အိုးပုံချိုင့်ခွက်ထဲတွင်ရှိနေရာ မိုးတွင်းကာလ၌ မိုးရေများအောင်းနေသောကြောင့် သွေးလွန်တုပ်ကွေးအန္တရာယ် စိုးရိမ်နေရကြောင်း ဒေသခံများက ပြောသည်။

နှစ်စဉ် ဝါဆိုလပြည့်ကျော်၊ ဝါခေါင်လဆန်းလောက်မှစ၍ မိုးရေများ လေးပေခန့်ဝင်ရောက်ပြီး လုံးဝမခန်းခြောက်တော့ကြောင်း၊ နတ်တော်လဆန်း ၁၀ ရက်လောက်မှ ရေခန်းခြောက်တတ်ကြောင်း၊ ခြောက်တယ်ဆိုသော်လည်း မြေကြီးက စိုစိစိဖြစ်နေတုန်း သွားလာ၍မရကြောင်း ရေဝင်နေချိန်လများတွင် ကျဉ်ကြီး၊ ကျဉ်ငယ်သွားလို့မရတော့ဘဲ အခြားအိမ်များသို့ သွား၍တက်ရကြောင်း လတော်တော်ကြာရေဝင်ရောက်မှုကြောင့် အိမ်တိုင်ခြေများဆွေးမြေ့သောကြောင့် ခြင်အကောင်ကြီးများ ပေါများလာသဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမည်ကို စိုးရိမ်နေကြရကြောင်း ဒေသခံများကပြောသည်။

“ဝိုင်းကွက်လပ်ထဲ မြက်ပင်၊ ချုံပင်၊ ပိတ်ပေါင်းများတောထနေ၍ မြွေပါးကင်းပါးအန္တရာယ် စိုးရိမ်ရခြင်း၊ ဒီရေတွေကမိုးရေအပြင် မြို့ရေပေးရေးစက်ရုံမှ ရေစင်သို့ရေတင်သည့်အခါတိုင်း ရေပိုက်ပေါက်ကွဲနေသည့်အတွက် ရေတွေဝင်ရောက်တာလည်းပါတယ်။

စည်ပင်ကို ကိုယ်တိုင်သွားပြောမှ သူတို့လိုက်လာပြီး ရေပိုက်ပြင်ပေးခဲ့တယ်။ ခါတိုင်းနှစ်တွေက ရေစက်မောင်းပြီးထုတ်ပစ်ပါတယ်။ ထုတ်တဲ့အခါ ရပ်ကွက်ထဲကသဒ္ဓါကြေးထည့်ဝင်ကြပါတယ်။ ဘယ်လိုဘဲထုတ်ထုတ် လမ်းမြောက်ဘက်ရှိ ရွှေစောလူးအင်းထဲ မြစ်ရေပြည့်နေရင် အဲဒီဘက်ကရေက ဒီဘက်ကိုစိမ့်ဝင်တော့ ရေကတော့အနည်းအကျဉ်းရှိတာဘဲ။ အင်းထဲကရေကျတာနဲ့အမျှ ဒီဝိုင်းထဲကရေခန်းခြောက်လေ့ရှိပါတယ်။ စည်ပင်ကဝန်ထမ်းတွေ ရေခွန်လာကောက်တဲ့အချိန် ရေထုတ်ပေးဖို့ ပြောဖူးပါတယ်။ သူတို့က ရုံးကိုပြောလိုက်ပါ့မယ်လို့ ပြောသွားတယ်။ အခုအချိန်အထိ ထုတ်မပေးသေးပါဘူး” ဟု ယင်းအိမ်များ၌နေထိုင်သူတစ်ဦးက ပြောပြခဲ့သည်။

**(၆၂၄)**

## GSM တယ်လီဖုန်းလိုင်းများ စတင်သုံးစွဲနိုင်

**မေတ္တာ နိုဝင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့သည် ထားဝယ်မြို့အရှေ့ဘက် ၃၄ မိုင်အကွာတွင် တည်ရှိပြီး လူဦးရေ ၁၇၀၀၀ ကျော်နေထိုင်သည့် မြို့တစ်မြို့ဖြစ်သည်။ GSM တယ်လီဖုန်းလိုင်းများအတွက် ၂၀၁၄ ခုနှစ်စပိုင်းတွင် တာဝါတိုင်စတင်တည်ဆောက်ခဲ့ပြီး နိုဝင်ဘာ ၄ ရက်တွင် စက်များတပ်ဆင်၍စမ်းသပ်ထုတ်လွှင့် သုံးစွဲနိုင်ပြီးဖြစ်ကြောင်း (2G) အဆင့်ရရှိကြောင်း သိရသည်။

ထားဝယ်၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်းမြို့နယ်များတွင် MPT (GSM) ,OOREDOO. TELENOR ဖုန်းများ တပ်ဆင်အသုံးပြုနိုင်ပြီးဖြစ်သော်လည်း မေတ္တာမြို့သည် MPT ,(GSM )လိုင်းတစ်မျိုးတည်းသာ သုံးစွဲနိုင်သေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**KBZ BANK**

## (၃၄၈) ဘဏ်ခြောက်
# တောင်ဥက္ကလာပ – သစ္စာလမ်းဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၂)
အမှတ်(၄၇၂)၊ သစ္စာလမ်းမကြီး၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၈၅၀၀၈၃၂/၃၆၊ ဖက်စ်(၀၁)၈၅၀၀၈၂၉/၃၁

## (၃၄၉) ဘဏ်ခြောက်
# ကန့်ဘလူမြို့ဘဏ်ခွဲ
အမှတ်(၂)၊ တပင်ရွှေထီးလမ်း၊ (၃)ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း(၀၇၅)၂၇၄၄၇/၄၈/၄၉၊ ဖက်စ်(၀၇၅)၂၇၅၅၉/၆၀

## (၃၅၀) ဘဏ်ခြောက်
# လှည်းကူးမြို့ဘဏ်ခွဲ
အမှတ်(၂၃)၊ ရန်ကုန်–မန္တလေးလမ်းဟောင်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၆၂၉၉၅၆/၅၇/၅၈၊ ဖက်စ်(၀၁)၆၂၈၂၆၂/၆၃

## (၃၅၁) ဘဏ်ခြောက်
# ကြည့်မြင်တိုင် – ထီးတန်းဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၃)
အမှတ်(၃၈)၊ ကမ်းနားလမ်း၊ ထီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၀၈၄၁၉/ ၂၀/ ၂၁၊ ဖက်စ်(၀၁)၅၀၈၄၂၈/ ၂၉/ ၃၀

## (၃၅၂) ဘဏ်ခြောက်
# ကြံခင်းမြို့ဘဏ်ခွဲ
အမှတ်(၆–A)အင်းလပ်အနောက်၊ ဗိုလ်ချုပ်လမ်း၊ ရွာသစ်ရပ်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း(၀၄၄)၄၀၂၆၉/ ၇၀၊ ဖက်စ်(၀၄၄)၄၀၂၇၁/ ၇၂

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

ကြော်ငြာ

**UNIQUE STAR** TRAVELS & TOURS

(6)D| Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya)
Nov: 14, 21, 28 / Dec: 5, 12, 19 / Jan: 2, 9, 16, 23, 30 ($300)
(6)D Nov: 14, 28 / Dec: 24, 25, 29, 30 / Jan: 2, 9 ($550)
(4)D Nov: 14, 28 / Dec: 24, 25, 29, 30 / Jan: 2, 9 ($300)
(4)D Nov: 14, 28 / Dec: 24, 25, 29, 30 / Jan: 2, 9 ($300)
(8)D Nov: 14, 28 / Dec: 12, 26 ($500)

Bangkok-Pattaya-Cambodia
Nov: 14, 28 / Dec: 24, 25 ($ 500)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)

70/A,Kabaaye PagodaRd, 860 4964-65-66, 708 353, 705 723, 097310 9133, 7310 9144, 73109 155, 73109 166.
No(126),42th Street, 83rd x 84th Street,Mandalay.099-7200 3797, 09-514 8079, 09- 540 1568, 09-540 1569

## ရွှေတိဂုံစေတီတော်(စနေထောင့်)ရန်ကုန်မြို့ ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲ ဖိတ်ကြားလွှာ

ရွှေတိဂုံစေတီတော်(စနေထောင့်)ရှိ ရခိုင်တန်ဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးအသင်း၏ စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ မပျက်မကွက် ကြွရောက်ချီးမြှင့်ကြပါရန် ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်(စနေနေ့)
(၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ရက်)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - "ရခိုင်တန်ဆောင်း"ရွှေတိဂုံစေတီတော်ရင်ပြင် (စနေထောင့်)

အမှုဆောင်အဖွဲ့

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးမြင့်ဌေး(မန်နေဂျာ/အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ပြုံးပြုံးတို့၏ သားထွေး
**မောင်ထွန်းအောင်လင်း (2nd Mate, F.G)**
နှင့်
ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးညွန့်တင်-ဒေါ်ခင်မကြည်(Pom အထည်ဖြန့်ချိရေး)တို့၏ သမီးထွေး
**မကြည်ကြည်သွယ် (B.Sc Maths)**
တို့သည် ၅-၁၁-၂၀၁၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းအောင်လင်း-မကြည်ကြည်သွယ်

## မီးသတိပြု

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY

**LCCI(UK) Level I,II,III**
**For June 2016 Exam**

ခုံနံပါတ်ကြိုတင်ယူပြီးကျောင်းအပ်နိုင်ပါပြီ။

လှည်းတန်းကျောင်း
အမှတ်(၁၈၊ ၃အေ~၆ဘီ)၊ သခြေညီ(၂)တိုက်၊ ဦးထွန်းလင်းချိုလမ်း(Giordano)ဆိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: - 01 504737, 51 2900, 09 450022646, 09 73108409, 09 5170105
တာမွေကျောင်း
Tel: 01 556425, 09 30167272, 09 36173830




## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)
## ADVANCED DIPLOMA IN BUSINESS MANAGEMENT
### အမှတ်စဉ် (၂) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ အဆင့်မြင့်ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- **Advanced Diploma in Business Management (ADBM)**

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး DBM အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သောဒီပလိုမာအောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး နိုဝင်ဘာလ (၁၄)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် The Open University of Hong Kong ၏ Bachelor of Business Administration (Management) BBA ဘွဲ့သင်တန်း၏ဒုတိယနှစ်နှင့်ညီမျှပြီး BBA ဘွဲ့ နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ BBA နောက်ဆုံးနှစ်၏သင်တန်းကာလမှာ (၁)နှစ် ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၀၁၀၃၄၅၀၄၇၅၊ ၅၀၇၁၅၁/၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၁၃၁၇၃၀

HELLO CABS

"Hello Cabs ကို ဖုန်းဆက်လိုက်ပါ
အိမ်ရှေ့အရောက် ချက်ချင်း လာကြိုပါမည် "

01-683688
09265331166
09265331177
09265331188
09265331199



ပေါ့ပါးလွယ်ကူသည့်... FIRE.Safe မီးသတ်ဆေးဘူး




ဆက်သွယ်မှာယူရန် - 09 440 444444, 09 458 222222
အမြို့မြို့အနယ်နယ်ရှိ Super Market ၊ ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၄၂ လမ်း။ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

ဖေဖေ ဦးအောင်စောဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ နေပြည်တော်)နှင့် မေမေ ဒေါ်သန်းသန်းဝင်းတို့၏ ၁၁-၁၁-၂၀၁၅ ရက်တွင် ကျရောက်သော (၃၁)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် ချစ်သက်တစ်ရာ့နှစ်ဆယ် ရှည်ပါစေ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့်ပြည့်စုံ၍ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်တိုး၍ ရွက်ဆောင်နိုင်ပါစေ ကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သမီးကြီး - ဒေါက်တာ မိုးဇော်အောင်-
ဒေါက်တာ မေအောင်စောဝင်း

ချစ်သားငယ် - ဒေါက်တာ ရာဇာအောင်စောဝင်း

## နိုဝင်ဘာညီအစ်ကိုနှစ်ဦးအတွက် မွေးနေ့ဆုတောင်း

၁၁-၁၁-၂၀၁၅ ရက်တွင် ကျရောက်သော သားကြီး "မြတ်မင်းသော်" ၏ (၅) နှစ်ပြည့်မွေးနေ့နှင့် သားငယ်လေး "ကြယ်စင်မင်းမြတ်"၏ (၂)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ယဉ်ကျေးလိမ္မာသော သားကောင်းရတနာလေးများ ဖြစ်ကြပါစေ။

| | |
|---|---|
| နှစ်ဖက်သောဘိုးဘိုး | ဘွားဘွားများ |
| ဦးစိန်သောင်း | - ဒေါ်သန်းနွဲ့ |
| ဦးလှသောင်း | - (ဒေါ်ကျင်အေး) |
| ဖေဖေ | - ဒုတိယရဲမှူးကြီး ဇော်လင်း(သတင်းရဲတပ်ဖွဲ့ ) |
| မေမေ | - ဒေါ်အေးသီတာ |
| ကြီးကြီး | - ဒေါ်ဆွေဆွေဝင်း |
| ဘဘ | - ဦးမောင်မောင်ဦး |
| တီတီလေး | - မဖြိုးဝင့်သူ (သရုပ်ပြ၊ သတ္တုဗေဒအင်/ယာဌာန၊ W.Y.T.U) |

အင်တာနက်ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်
Sat & Sun Nov 14
ဂုဏ်ထူးဦးအောင်ဖိုင်
Basic English Speaking
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အလုပ်ဝင်လိုသူ နှင့် ကုမ္ပဏီ၊ ဘဏ် ဝန်ထမ်းများအတွက် ဖွင့်ပါပြီ။
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Certificate in Travel & Tourism
City College of San Francisco
မြန်မာပြည်မှာ ပထမဆုံး အသံထွက် Essays & Letters
အင်္ဂလိပ်စာ အရေးအသား တိုးတက်ဖို့ Basic Grammar
ထွက်ပြီ
၈-တန်း၊ ၉-တန်း၊ ၁၀-တန်း သင်ရိုးကုန် အဖြေစုံ စာအုပ်များ
၂၇၂ ပန်းဆိုးတန်းလမ်း၊ (အထက်)။ 01 252 919, 09 3126 9756



ကြော်ငြာ

NEW MOTION TRAVELS & TOURS

ပေါက်တော - Nov 25,Dec 30
ဗန်ကောက် - Nov 26,Dec 28,29
ဗီယက်နမ် - Nov 26,Dec 27
ဒူဘိုင်း - Nov 26,Dec 28
ဂျပန် - Dec 26
စင်ကာပူ - Dec 31
ကိုရီးယား - Nov 25,Dec 23
ဝမ်ဒီ - Dec 19
ဆီအမ်ရိပ် - Dec 19
အမေရိကား - Dec 11
ဩစတေးလျ - Dec 19

Contact Us
01508124
01523253
0973148933
-44-55-66

ဗုဒ္ဓဂယာခရီးစဉ်
Hotline 09260792886 0973117724

အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Escape From Everyday Life

## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

အဖ ဦးနိုင်နိုင်ဦး၏သားဖြစ်သူ ကျွန်တော် မောင်သန့်ဇင်ဝင်း[၁၂/သဃက(နိုင်)၁၉၁၈၀၃] နှင့် အဖ ဦးဇော်မြင့်ဝင်း၏သမီးဖြစ်သူ ကျွန်မ မဝေဝေနှင်း[၁၂/မရက(နိုင်)၁၇၄၂၆၅]တို့သည် ၆-၁၁-၂၀၁၅ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးပါကြောင်း။

**မောင်သန့်ဇင်ဝင်း-မဝေဝေနှင်း**

စိုးမြင့်ကြွယ်
ကျိုက်ထီးရိုး (ငြိမ်း) 33000
ရှောင်းသာ Hotel(ငြိမ်း) 35000 / 45000
ငွေဆောင် (Hotel+ကား) 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

မြင်မြင်ချင်းဆိုင်ဆိုင် လတ်ဆန်းအောင်ထိုင်ဖို့ ...

မန်ကျောက်ပဇ္ဈရား (4D/3N) Nov. 23~26 USD 490
ပေကျင်း-ရှန်ဟိုင်း (7D/6N) Nov.23~29 USD 1400
စင်ကာပူ (4D/3N) Nov.28~Dec.01 USD 899
မန်ကျောက်-အယုဒ္ဓယ (6D/5N) Dec.29~Jan.03 USD 650
မကာအို-ဟောင်ကောင် (7D/6N) Nov.23~29 USD 1500
ဒူဘိုင်း (6D/5N) Dec.21~26 USD 2000
ကိုရီးယား (8D/7N) Nov.23~30 USD 2100
ဗီယက်နမ် (6D/5N) Nov.24~29 USD 899
ဘာလီ-စင်ကာပူ (7D/6N) Nov.23~29 USD 1500
ဂျပန် (8D/7N) Dec.28~Jan.04 USD 2700
ဂျပန် (6D/5N) Nov.25~30 USD 2200
အီတလီ-ပြင်သစ်-ဆွစ်ဇာလန် (10D/9N) Dec.19~28 USD 3850

အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ဖက်(စ်) ၀၁ – ၂၅၀၇၃၄၊ ၃၇၈၁၂၇၊ ၃၇၈၅၀၃

## မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်၊ ဘန်ဂါလီဗလီဝတ်ကျောင်းတော် ဂေါပကအဖွဲ့ဟောင်း ဦးသန်းထိုက်၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့်အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ သုခဝတီလမ်းရှိ ဘန်ဂါလီဗလီဝတ်ကျောင်းတော် လက်ရှိဂေါပကအဖွဲ့(ဥက္ကဋ္ဌ ဦးဇော်လွင်ဦးပါအဖွဲ့ဝင်များ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

၁။ ဥက္ကဋ္ဌ ဦးသန်းထိုက်ပါဝင်သော လူကြီးမင်းဂေါပကအဖွဲ့ဟောင်းသည် ၂၀-၃-၂၀၁၃ ရက်နေ့အထိ ဘန်ဂါလီဗလီနှင့်ပတ်သက်၍ စီမံခန့်ခွဲမှု ဗလီပိုင်ဆိုင်သော ငွေကြေး၊ ပစ္စည်းအရပ်ရပ်(မော်တော်ယာဉ်၊ ဘဏ်စာအုပ်အပါအဝင်)စာရင်းဇယား/စာချုပ်၊ မှတ်တမ်း၊ အလှူငွေဖြတ်ပိုင်း စသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို ဂေါပကအဖွဲ့ဟောင်းက လက်ရှိထားစီမံခန့်ခွဲ ထိန်းသိမ်းထားခဲ့ကြောင်း သိရှိရပါသည်။

၂။ လက်ရှိဘန်ဂါလီဗလီဝတ်ကျောင်းတော်ဂေါပကအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ၁-၁၀-၂၀၁၅ရက်စွဲပါစာဖြင့် တစ်ကြိမ်၊ ၈-၁၀-၂၀၁၅ရက်စွဲပါစာဖြင့် တစ်ကြိမ်၊ ဦးသန်းထိုက်(ဥက္ကဋ္ဌ)နှင့်တကွ ဂေါပကအဖွဲ့ဝင်ဟောင်းများထံ မေတ္တာရပ်ခံပန်ကြားစာများ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၃။ ဦးသန်းထိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌဟောင်းနှင့်အဖွဲ့ဝင်ဟောင်းများတို့သည် အဆိုပါပန်ကြားမေတ္တာရပ်ခံခြင်းအပေါ် ယနေ့တိုင် ပူးပေါင်းကူညီဆောင်ရွက်ရန် ပျက်ကွက်နေပါသည်။

၄။ လက်ရှိဂေါပကအဖွဲ့၏ ညွှန်ကြားချက်အရ လူကြီးမင်းတို့ ဂေါပကအဖွဲ့ဟောင်းထံ အောက်ပါအတိုင်း အသိပေး တောင်းဆိုအပ်ပါသည်။

(၁) လူကြီးမင်းတို့ ဂေါပကအဖွဲ့ဟောင်းအနေဖြင့် လက်ရှိဂေါပကအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်မည့် ဘန်ဂါလီဗလီဝတ်ကျောင်းတော်ပိုင် ပစ္စည်းအရပ်ရပ်၏စာရင်းကို ၂၇-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ လက်ရှိဂေါပကအဖွဲ့ထံသို့ ရေးသားပြုစုပေးပို့ပါရန်။

(၂) လွှဲပြောင်းပေးအပ်မည့် ဗလီဝတ်ကျောင်းတော်ပိုင်ပစ္စည်းအရပ်ရပ်ကို ၂၇-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ လက်ရှိဗလီဝတ်ကျောင်းတော်ဂေါပကအဖွဲ့ထံသို့ လက်ရောက်လွှဲပြောင်းပေးအပ်ပါရန်။

(၃) ပစ္စည်းများလွှဲပြောင်းပေးအပ်ရာတွင် လူကြီးမင်းတို့ ဂေါပကဟောင်းကိုယ်တိုင်ဖြစ်စေ၊ လူကြီးမင်းတို့ ဂေါပကဟောင်းက တရားဝင်လွှဲအပ်ထားသော လူပုဂ္ဂိုလ်မှဖြစ်စေ လွှဲအပ်ပေးပါရန်။

(၄) ပစ္စည်းများလွှဲအပ်ရာတွင် ဘန်ဂါလီဗလီဝတ်ကျောင်းတော်နှင့်လက်ရှိဂေါပကအဖွဲ့များတည်ရှိရာ မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ရှိ ဘန်ဂါလီဗလီဝတ်ကျောင်းတော်၌ဖြစ်စေ၊ ရတနာမာရ်အောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ဖြစ်စေ လွှဲပြောင်းလက်ခံရယူမည်ဖြစ်ပါသည်။

(၅) လွှဲပြောင်းရယူမည့်အဖွဲ့ငယ်သည် လက်ရှိဘန်ဂါလီဗလီဂေါပကအဖွဲ့က တာဝန်ပေးလွှဲအပ်ထားသည့် အဖွဲ့ငယ်ကသာလျှင် တရားဝင်လက်ခံခွင့်ရှိမည်ဖြစ်ပါသည်။

စသည်ဖြင့် သတိပေးကြေညာအပ်ပါသည်။

လက်ရှိဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ခင်မျိုးသွင်(**LL.B**) | ဦးဇော်(**LL.B**) | ဦးအောင်သိန်း(**LL.B**) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၄၀၀၃၁) | (စဉ်-၃၇၂၈၈) | (စဉ်-၆၁၉၇) |
| ရွှေပြည်ရန်နိုင်ရပ် | မြို့မကွက်သစ် | အမှတ်(၃၇၈)၊ ချယ်ရီလမ်း |
| ပျော်ဘွယ်မြို့။ | ယင်းတော်၊ ပျော်ဘွယ်မြို့နယ်။ | သီရိမင်္ဂလာရပ်ကွက်၊ မိတ္ထီလာမြို့။ |

PUN HLAING + SILOAM HOSPITALS

မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

LIKE US ON facebook Pun Hlaing Siloam Hospitals

အကြောင်းကြောင်းကြောင့် ကလေးရရန် အခက်အခဲရှိနေပါသလား...?
သင့်ရဲ့ မီးယပ်ဆိုင်ရာရောဂါများကို ခွဲစိတ်ဖို့ စိုးရိမ်ကြောင့်ကြနေပါသလား...?
မဆွေးနွေးဝံ့ခဲ့ပေမယ့် သင့်ရင်သွေးလေးရဲ့ကျန်းမာရေး အခြေအနေကိုသိချင်ပါသလား...?

သင့်၏အခက်အခဲများကို ကူညီဖြေရှင်းပေးရန်အတွက် အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးများကိုယ်တိုင် မှန်ပြောင်းအသုံးပြု၍ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ပန်းလှိုင်စီလုံဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၄၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၇၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing.phsh@spa-mm.com

လုပ်ငန်းအတွေ့အကြုံရှိသူများ အလုပ်သင်ဝန်ထမ်းများကို ခေါ်ယူနေပါသည်။

Job Vacancy @ UNIQUE IT & Mobile Center

၁။ ကွန်ပျူတာ နှင့် မိုဘိုင်းဖုန်းအရောင်း ကျား/မ (၀၅)ဦး
၂။ Office Staff (Telephone & Online Operator) ကျား/မ (၁၀)ဦး
၃။ ကွန်ပျူတာ နှင့် မိုဘိုင်းဖုန်းပြုပြင် ကျား/မ (၂၅)ဦး

HR Department Hot Line 09 318 33 444
No. 261, Pansodan Road (Upper Block), Bet. Anawrahta & Bogyoke Road, Kyauktada Township, Yangon, 11182.
No. 194, Seikkanthar Street (Middle), Bet. Mahabandoola & Anawrahta Road, Kyauktada Township, Yangon, 11182.
No. 74, West Horse Race Course Road, (Near U Chit Maung Housing), Tamwe Township, Yangon, 11211.

ကျေးဇူးတင်လွှာ

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်မြမြသန်း(ပြည်) (၈၃)နှစ်**

ပြည်မြို့၊ ရွှေနန်းတော်သက်န်းတိုက်(ဦးဉာဏ်ဆင့်-ဒေါ်ခင်ညွန့်)တို့၏ သမီးငယ်၊ ဦးသိန်းလွင်(ရန်ကုန်တိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်မြမြသန်း နာမကျန်းဖြစ်စဉ် ဂရုတစိုက်ကြပ်မတ်ပြုစုကုသပေးသော ပါမောက္ခဒေါက်တာ ဒေါ်ခင်စောသန်း၊ ဒု-ပါမောက္ခဒေါက်တာဒေါ်သင်းသင်းနွဲ့နှင့် မဟာမြိုင်အထူးကုဆေးရုံမှ တာဝန်ကျဆရာဝန်၊ ဆရာဝန်မများနှင့် သူနာပြုများ၊ အထွေထွေဝန်ထမ်းများ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ နှင့်လာရောက်မေးမြန်းကြည့်ရှု အားပေးစကားပြောကြားသော ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါ ကြောင်း။

**ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြမြသန်း(ပြည်)(ရွှေနန်းတော်သက်န်းတိုက်)

**အသက်(၈၃)နှစ်**

ဦးခင်မောင်လွင်(ပြည်)(ပန်းစံပယ်စာစီနှင့်မိတ္တူ)

**အသက်(၄၆)နှစ်**

ကိုအောင်လွင်ဦး(ရတနာဗီဒီယိုဖြန့်ချိရေး၊ တိုက်ကြီး-ပြည်)၏ မိခင် ဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့သည် ၇-၁၁-၂၀၁၅ရက်နှင့် ၈-၁၁-၂၀၁၅ရက်တို့တွင် အသီးသီး ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဦးတင့်ဆွေ(စံအိမ်ဖြူ ဗီဒီယိုဖြန့်ချိရေး)(တိုက်ကြီး၊ ပြည်)**
**ဒေါ်သီတာ(မြတ်ရွှေဇော် ဗီဒီယိုဖြန့်ချိရေး)(တိုက်ကြီး-ပြည်)**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြနေအောင်(ခ)ဒေါ်နီနီ

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ ခြံအမှတ် (၈)နေ ဗိုလ်မှူးကြီးသန်းတင် (စစ်သံမှူး၊ အငြိမ်းစား)၏ဇနီး၊ ဒေါ်သီတာတင်-ဦးမောင်မောင်အေး၊ ဒေါ်စန္ဒာတင်(ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးနေထွန်းလင်း(General Motors Company,U.S.A)-ဒေါ်နေခြည်လင်း (U.S.A)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၉-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်တင်ဝင်း @ ဖိုးလ-ဒေါ်ခင်နီလာအေး**

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးသာအောင်

၃-၁၁-၂၀၁၅ ရက်တွင် ဆရာကြီး ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ (၁၉၈၃-၁၉၉၃ ဆေးတက္ကသိုလ်-၂)**

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်သိန်း

အသက် (၅၇)နှစ်

**သင်္ဘောအင်ဂျင်နီယာ(ငြိမ်း)**

**B.E(Mechanical-1983)**

သူငယ်ချင်း ၂-၁၁-၂၀၁၅ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ။

**ရန်ကုန်စက်မှုတက္ကသိုလ်(၈၀-၈၃)**
**စက်မှုအင်ဂျင်နီယာ**
**ကျောင်းနေဖက်သူငယ်ချင်းများ**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ထွေး(ညောင်လေးပင်)

**အသက်(၈၆)နှစ်**

သူငယ်ချင်း ကိုဉာဏ်ထွန်း-မနန်းခမ်းဟိန်းတို့၏ မိခင်ကြီး ဒေါ်ထွေး အသက် (၈၆)နှစ်သည် ၃၁-၁၀-၂၀၁၅ရက် ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(၁၉၈၃-၈၆) မြို့ပြ အင်ဂျင်နီယာသူငယ်ချင်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြနေအောင်(ခ)ဒေါ်နီနီ

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ ခြံအမှတ် (၈)နေ ဗိုလ်မှူးကြီးသန်းတင် (စစ်သံမှူး၊ အငြိမ်းစား)၏ဇနီး၊ ဒေါ်သီတာတင်-ဦးမောင်မောင်အေး၊ ဒေါ်စန္ဒာတင်(ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးနေထွန်းလင်း (General Motors Company, U.S.A) - ဒေါ်နေခြည်လင်း(U.S.A)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းကွန်ထော-ဒေါ်နှင်းဖြူပြာဟန်**

ဝမ်းနည်းကြေကွဲခြင်း

ဦးကျင်တင်(သာပေါင်း)

အသက်(၆၀)

**ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

ဇေယျ(၇၄) တရားရေးအရာရှိသင်တန်းဆင်း ဦးကျင်တင် (ညွှန်ကြားရေးမှူး)သည် ၆-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ(၇၄) တရားရေးအရာရှိသူငယ်ချင်းများ**

# (၁)နှစ်ပြည့်အလွမ်း

**ဗိုလ်မှူးစန်းဝင်း(ငြိမ်း)**

**ကြည်း-၁၆၇၁၅၊ D.S.Aအမှတ်စဉ်(၂၃)**

**ဒုတိယအထွေထွေမန်နေဂျာ၊ စက်ရုံများဌာန**

**မြန်မာစီးပွားရေးကော်ပိုရေးရှင်း**

**အသက်(၅၆)နှစ်**

ကိုကိုရေ----

ဇနီးနဲ့မိသားစုကို ခွဲခွာသွားတာ ဒီကနေ့ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မှာ (၁)နှစ်တိတိ ပြည့်သွားပေမယ့် တစ်နေ့မှမေ့မရခဲ့ပါဘူး----မိသားစုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကိုလည်း ရောက်ရာဘုံဘဝမှနေ၍ ရရှိနိုင်ပါစေ----။ **ကျန်ရစ်သူဇနီး**

**ဒေါ်သန့်သန့်စင်အောင်(မမူ)နှင့်မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဟာဂျီဦးဇော်ဝင်း(ခ)ဟာဂျီခါဂျာရှုရစ်ဖ်

အသက်(၄၆)နှစ်

Asia Win Group ၏ Managing Director ဟာဂျီဦးဇော်ဝင်း(ခ) ဟာဂျီခါဂျာရှုရစ်ဖ်သည် ၅-၁၁-၂၀၁၅ရက် နံနက်ပိုင်းတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးငွေအောင်**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မာရှိုးလျှင်(လားရှိုးမြို့)

**အသက်(၁၀၈)နှစ်**

ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှိုးလျှင် အသက် (၁၀၈)နှစ်သည် ၃-၁၀-၂၀၁၅ (စနေနေ့) နံနက် ၁နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းမောင်မြင့်-ဒေါ်မော်လီဝင်းမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်(ဟသ်ာတ)

အသက်(၉၇)နှစ်

ညီလေးဝင်းသိန်း (ကမ္ဘာဆယ်သိန်း)၏ဖခင် ဦးကျော်(ဟသ်ာတ) ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှတင်၊ ဦးစစ်ဖောင်၊ ဦးအုန်းလှိုင်**
**ဦးရဲထွင်၊ ဦးကြည်ဝင်း၊ ဦးမျိုးညွန့်၊**
**ဦးမြသန်း၊ ဦးသန်းအုန်း၊ ဦးအောင်သူရိန်၊**
**မသိမ့်(ဒေါ်သန်းဝင်း)၊ မအိ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးစောတင် (၇၈)နှစ်

**B.Sc(Mdy),M.Sc, Ph.D (NewCastle, UK)**
**A.F.I.M.A, Fulbright Fellow**
**အငြိမ်းစားပါမောက္ခ(သင်္ချာ)၊ ရန်ကုန်တက္ကသိုလ်၊**
**ရန်ကုန်စက်မှုတက္ကသိုလ်**

ကိုမောင်မောင်မြင့် (1974-1980, Mechanical)၏ အစ်ကို၊ [ပင်လုံ ဒေါ်သီတာစိန်(ခ) သီတာ]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးစောတင် (အငြိမ်းစားပါမောက္ခ-သင်္ချာ)သည် ၈-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**အင်ဂျင်နီယာနှင့်ဗိသုကာကျောင်းသား/ကျောင်းသူများ**
**(၁၉၇၄-၁၉၈၀)**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြနေအောင်(ခ)ဒေါ်နီနီ

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ ခြံအမှတ် (၈)နေ ဗိုလ်မှူးကြီးသန်းတင် (စစ်သံမှူး၊ အငြိမ်းစား)၏ဇနီး၊ ဒေါ်သီတာတင်- ဦးမောင်မောင်အေး၊ ဒေါ်စန္ဒာတင်(ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးနေထွန်းလင်း(General Motors Company, U.S.A)-ဒေါ်နေခြည်လင်း(U.S.A)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေထွန်းဦး-ဒေါ်ဝါဝါဝင်း**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြနေအောင်(ခ)ဒေါ်နီနီ

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ ခြံအမှတ် (၈)နေ ဗိုလ်မှူးကြီးသန်းတင် (စစ်သံမှူး၊ အငြိမ်းစား)၏ဇနီး၊ ဒေါ်သီတာတင်- ဦးမောင်မောင်အေး၊ ဒေါ်စန္ဒာတင် (ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန)၊ ဦးနေထွန်းလင်း (General Motors Company, U.S.A)-ဒေါ်နေခြည်လင်း(U.S.A)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၁၁-၂၀၁၅ (တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဇော်-ဒေါ်နန်းကေသီလွင်**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျှင် (လားရှိုး)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရိန်နီမိကျမ်း)၏ဇနီး၊ ဦးရန်ဟော် (Chairman, Mottaama Holding Ltd)-ဒေါ်ခင်ခင်ထက် တို့၏ မိခင်၊ ဒေါ်မာရှိုးလျှင်(လားရှိုး)သည် ၃၀-၁၀-၂၀၁၅ (စနေနေ့) နံနက် ၁း၀၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**Unique Paragon International Co.,Ltd.**

သုံးရာသီ ဓမ္မဒါန
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊
ထန်စန်း(ထမင်းကျွေး-၅၀၀၀ဝိ/-)
ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလပို့
(တစ်ဦး-၂၅၀၀၀ဝိ/-)
ကားအမျိုးမျိုးစင်းလုံးငှားသည်။
Nov 13,20,25
420144148, 421153797

ကို့သန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-6809893
09-6819020

# (၁၀)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**(၁၁-၁၁-၂၀၀၅)မှ(၁၁-၁၁-၂၀၁၅)ရက်**

**ကာတွန်းဆွေမင်း(ဓနုဖြူ)(ခ)ဦးခင်မောင်မြင့်**

**အသက်(၄၉)နှစ်**

ဆရာ မို့မို့တို့မိသားစုနဲ့ခွဲခွာသွားတာ ဆယ်နှစ်ပြည့်သွားပါပြီ။ ဆရာ့ကိုချစ်တဲ့ ပရိသတ်၊ ဆရာ့မိသားစုတွေအတွက်ကတော့ ဆရာဟာ ထာဝရရှင်သန်နေဆဲပါ။ ဆရာ့ကျေးဇူးတရားတွေဟာ ဆပ်မကုန်ပါဘူး၊ ဆယ့်တစ်ရက်၊ ဆယ့်တစ်လရောက်တိုင်း မို့မို့တို့ပြုပြုသမျှ ရည်စူးဒါနကို သာဓုခေါ်ဆိုပါရန် အမျှပေးဝေပါ၏။ ဆရာရေ-ပြုပြုသမျှ ကုသိုလ်ဒါန အမျှ-အမျှ-အမျှ----

**ဇနီး-ဒေါ်မို့မို့ဆန်း**
**ချစ်သမီးကြီး-မအင်ကြင်းရွှန်းလဲ့ဆွေ (ကမ္ဘောဇဘဏ်၊ ရန်ကင်း)**
**ချစ်သားကြီး-မောင်ထက်သာချမ်းမြဆွေ-4th Year B.Tech**
**ချစ်သမီးငယ်-မရတနာဖူးပွင့်ဆွေ Final Part I(ဆေး-၁)**

# မူးယစ်ကိုပစ် ပန်းတိုင်သစ်
# စိတ်သစ်လူသစ် ဘဝသစ်

# ထိုင်းနိုင်ငံ ဂျာကင်ကုမ္ပဏီက ၂၀၁၆ ခုနှစ်အစောပိုင်း၌ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်

ဝရဇိန်

ထိုင်းနိုင်ငံ၏ ဗိသုကာ၊ ဒီဇိုင်းနှင့်ဆောက်လုပ်ရေးဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်သော ဂျာကင် (Jaken) ကုမ္ပဏီများအုပ်စုက ၂၀၁၆ ခုနှစ်အစောပိုင်းကာလ၌ ရန်ကုန်တွင် လုပ်ငန်းဖွင့်ကာ မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာသတင်းဝက်ဘ်ဆိုက်တစ်ခု၌ ရေးသားဖော်ပြထားသည်။

၂၀၁၆ ခုနှစ်ထဲမှာပင် ဂျာကင်ကုမ္ပဏီသည် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံဈေးကွက်များသို့ ဝင်ရောက်မည်ဟု သိရသည်။ ထိုကုမ္ပဏီများအုပ်စုသည် ဗိသုကာဆိုင်ရာဒီဇိုင်း၊ ဂရပ်ဖစ်ဒီဇိုင်း၊ အဆောက်အအုံအတွင်းပိုင်းအလှဆင်ရေးဆိုင်ရာဒီဇိုင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာဆွေးနွေးအကြံပေးမှုနှင့် ကုန်အမှတ်တံဆိပ်ဖော်ဆောင်ဖန်တီးခြင်း စသောဝန်ဆောင်မှုများပေးမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့



ငွေကြယ်

## ပရီမီယာလိဂ်တွင် သွင်းဂိုးအများဆုံးဖြစ်သည့် တိုက်စစ်မှူး ဗာဒီ အောက်တိုဘာတစ်လတာ အကောင်းဆုံးကစားသမားဆုဆွတ်ခူး

ပရီမီယာလိဂ်တွင် ယခုနှစ်ဘောလုံးရာသီ သွင်းဂိုးအများဆုံးဖြစ်သည့် လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီသည် အသင်းအတွက် ပွဲစဉ်လေးပွဲတွင် ငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာတစ်လတာပရီမီယာလိဂ် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး လက်စတာစီးတီးအသင်းအတွက် ၁၅ နှစ်တာကာလအတွင်း ပထမဆုံး ရရှိခဲ့သည့် တစ်လတာအကောင်းဆုံးဆုလည်း ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၂ သို့

### ယနေ့ မာတိကာ

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးပြပွဲ မြန်မာနိုင်ငံမှ အခန်း ၃၀ အခမဲ့ပြသခွင့်ရမည် — စာမျက်နှာ - ၂

ရတနာပုံအသင်း BTV Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ၌ ရှုံးနိမ့် — စာမျက်နှာ - ၉

ဆိုစီဒက်အသင်းကို ရက်ပေါင်း ၃၆၄ ရက်သာ ကိုင်တွယ်ခွင့်ရခဲ့တဲ့ ဒေးဗစ်မိုယက် — စာမျက်နှာ - ၁၅

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ တပ်ဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့ လာရောက်တိုက်ခိုက်


အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့ပစ်ခတ်ခြင်းကြောင့် တပ်ဌာနချုပ်ရှိ အဆောက်အအုံပျက်စီးမှုအားတွေ့ရစဉ်။ (မသစ/ရသစ)


အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့ပစ်ခတ်ခြင်းကြောင့် မိုင်းနောင်ရဲစခန်းရှိ အဆောက်အအုံပျက်စီးမှုအားတွေ့ရစဉ်။ (မသစ/ရသစ)

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ရှိတပ်ဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့မှ အင်အား ၁၂၀ ခန့်သည် နိုဝင်ဘာ ၉ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ပြီး ည ၈ နာရီခွဲခန့်တွင် မိုင်းနောင်နယ်မြေရဲစခန်းအား ဗုံးပစ်လောင်ချာများနှင့် ပစ်ခတ်ခဲ့သည်။

အဆိုပါအဖွဲ့သည် ယနေ့နံနက် ၄ နာရီခွဲခန့်တွင် တစ်ကြိမ်၊ ၅ နာရီခွဲခန့်တွင် တစ်ကြိမ် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံလာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်ဌာနချုပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ တပ်မတော်ရဟတ်ယာဉ်များဖြင့် တန်ပြန်တိုက်ခိုက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ မိုင်းနောင်တပ်ဌာနချုပ်တွင် လုံခြုံရေးအရ အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့သည် အများပြည်သူနေထိုင်ရာ ရပ်ကွက်များအတွင်းမှ ပြည်သူလူထုအား အကာအကွယ်ယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်တချို့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တချို့ ကျဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး အဆောက်အအုံ တချို့လည်း ပျက်စီးခဲ့သည်။

အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့သည် မိုင်းနောင်တပ်ဌာနချုပ်သို့ နိုဝင်ဘာ ၁ ရက် ညပိုင်းတွင် တစ်ကြိမ်၊ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တစ်ကြိမ်၊ နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် နှစ်ကြိမ်နှင့် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သုံးကြိမ် လက်နက်ကြီး၊ လက်နက်ငယ်များနှင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော် တပ်ရင်းဌာနချုပ်များနှင့် တပ်ဌာနချုပ်တို့ကို အကြိမ်ကြိမ်လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လာခြင်းကြောင့် တပ်မတော်က တန်ပြန်တိုက်ခိုက်မှုများနှင့် နယ်မြေရှင်းလင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)




themirror.npt@gmail.com
www.facebook.com/themirrordaily